# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၁)ရက် ၊ သောကြာနေ့ ၊ (24-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၆၉)


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့အခြေစိုက် တရုတ်သံရုံးက ဦးစီးကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်သစ်ကူးအထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ကမ္ဘာအေးဘုရားလမ်းရှိ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီး တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။




ရတနာပုံ

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်

အယ်ဒီတာ့အာဘော်

# တပ်မတော်၏ ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှု

နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများကို မြို့ပြ၊ ကျေးလက်မကျန် ဝေးလံသောဒေသများပါ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများထံအရောက်သွားကာ ပြည်သူ့ အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသခံ ပြည်သူများနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ ဒေသခံပြည်သူများကို တပ်မတော်နယ် လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့သည် ဇန်နဝါရီ ၁၅ ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

အဆိုပါဆေးကုအဖွဲ့က ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ ကလေး ရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ X-Ray ရိုက်ခြင်း၊ Ultrasound ရိုက် ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့်ရောဂါ ရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် လာရောက်သောတပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသ ကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာ များမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လာရောက်ကြသော တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ကို နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာ သည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်မှစ၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၊ ကျိုက်လတ်မြို့နယ်တို့ရှိ ကျေးရွာများ မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသကဲ့သို့ တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံ ပြည်သူများ၊ ကျွန်းစုမြို့နယ် ကျွန်းစုမြို့နှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုများပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးသာမက ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများကိုလည်း စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိပေသည်။ တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ယခုခရီးစဉ်သည် (၁၉)ကြိမ်မြောက်ဖြစ်သကဲ့သို့ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)အနေဖြင့်လည်း ယခုခရီးစဉ်သည် (၁၈)ကြိမ်မြောက် ဖြစ်သည်။ ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းသည် တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့၏ ဒေသခံပြည်သူများအပေါ် ထားရှိသောမေတ္တာ၊ စေတနာ၊ အကြင်နာ တရားများသာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံ ဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသား များ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လေှတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**




# မန္တလေး မဟာမုနိရုပ်ရှင်တော်ကြီးတွင် အမေရိကန်ဒေါ်လာ ၁၄၀၀၀ တန်ဖိုးရှိ ဆိုလာလျှပ်စစ်မီးတပ်ဆင်လှူဒါန်းခြင်းကျင်းပ

မန္တလေး ဇန်နဝါရီ ၂၃

မြန်မာ-တရုတ် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးထူထောင်မှု ၇၅ နှစ်ပြည့်ကို ဂုဏ်ပြုသောအား ဖြင့် မန္တလေးမြို့အခြေစိုက် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန် ချုပ်ရုံးကလှူဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက ဆောင်ရွက်သည့် မန္တလေး မဟာ မုနိရုပ်ရှင်တော်ကြီးတွင် အမေရိ ကန်ဒေါ်လာ ၁၄၀၀၀ တန်ဖိုးရှိ 30 KW ဆိုလာလျှပ်စစ်မီးတပ်ဆင် လှူဒါန်းခြင်းကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့ နယ်ရှိ အဆိုပါမဟာမုနိရုပ်ရှင်တော် ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေ စိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ် ဝန်ချုပ် Ms. Gao Ping၊ မြန်မာ- တရုတ် ပူးပေါင်းဆက်ဆံရေးဗဟို အသင်းမှတာဝန်ရှိသူများ၊ မဟာ မုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ တက်ရောက်ကြ ကြောင်း သိရသည်။

ရှေးဦးစွာ မဟာမုနိရုပ်ရှင် တော်ဝင်ပေါက်၌ တပ်ဆင်လှူဒါန်း ထားသော ဆိုလာလျှပ်စစ်ရုံရှေ့ တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူ များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဆိုလာလျှပ်စစ်တပ်ဆင်ထားသည့် အခန်းတွင်းကြည့်ရှုပြီး ဘုရား ရင်ပြင်တော်၊ စွယ်တော်တိုက်ရှေ့ ရှိ ကမ္ပည်းကျောက်စာကို နှံ့သာ ရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် မိုးကောင်းဓမ္မာရုံ တွင် အခမ်းအနားကိုဆက်လက် ကျင်းပရာ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင် စစ်ဝန်ချုပ် Ms.Gao Pingက မြန်မာ- တရုတ်နှစ်နိုင်ငံကြား သံတမန် ဆက်ဆံရေးထူထောင်မှု ၇၅ နှစ် ပြည့်ကို ဂုဏ်ပြုသောအားဖြင့် ဆိုလာလျှပ်စစ်မီးတပ်ဆင်လှူဒါန်း ရခြင်းရည်ရွယ်ချက်များ၊ တရုတ်- မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ များတွင် ပူးပေါင်းဆောင်ရွက်နေမှု များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ပြောကြားခဲ့ ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်နေမှုများ၊ လှူဒါန်းမှုအပေါ် ကျေးဇူးတင် စကားပြောကြားပြီး မြန်မာ- တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟို အသင်းမှ တာဝန်ရှိသူက အသင်း ၏ ဆောင်ရွက်ချက်များကိုလည်း ကောင်း၊ မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင် စကားကိုလည်းကောင်း ပြောကြား ကာ တိုင်းဒေသ ကြီးဝန်ကြီးချုပ် က တရုတ်ကောင်စစ်ဝန်ချုပ်နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံ ရေးဗဟိုအသင်းမှ တာဝန်ရှိသူကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ခဲ့ကြောင်း သိရသည်။

မျိုးကျော်

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငရုတ်သီးစိမ်းအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျောင်းကုန်း ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်း ကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက် သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ငရုတ်သီးစိမ်းအများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျောင်း ကုန်းမြို့နယ်မှ စားသောက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေး သူက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ၂၀၂၄ခုနှစ် နိုဝင်ဘာ လအတွင်း ငရုတ်သီးစိမ်းပိဿာ ချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးစိမ်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၉၀၀၀ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန် ဈေးကွက်ထဲကို ငရုတ်သီးစိမ်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဒေသလယ် ယာထွက်ကုန်တွေကို ဧရာဝတီ တိုင်းဒေသကြီးအတွင်းထဲက မြို့ နယ်တွေနဲ့ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ် ပါတယ်။ ကျောင်းကုန်းမြို့နယ်က ထွက်တဲ့ ဒေသထွက်ငရုတ်သီးတွေ က အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်း တော့ မှာယူတဲ့သူလဲ များပါတယ်" ဟု ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှတောင်သူ များသည် စပါးအပြင် ငရုတ်သီး စိုက်သည့်လုပ်ငန်းကိုလည်း လုပ် ကိုင်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသော ငရုတ်သီးများ အရည်အသွေး ကောင်းမွန်ခြင်း ကြောင့် တောင်သူများ၊ လုပ်သား များ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်း ရှင်များ အဆင်ပြေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အောင်လံမြို့နယ် ဆင်ချီတိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အောင်လံ ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူခုံကျေးရွာအုပ်စု ဆင်ချီတိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့်ဝန်ထမ်းများက စီမံကိန်း တာဝန်ခံများနှင့်အတူ ဆင်ချီတိုင် ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း ကော်မတီဝင်များအနေဖြင့် ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်နှင့် ပျက်စီးမှုမရှိစေရန် ပြုပြင်ထိန်းသိမ်းသွားကြရန် လိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆင်ချီတိုင်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၁သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် လေးသန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါက်တာဦးကြည်ရှင်-ဒေါက်တာဒေါ်ကြူကြူတို့၏ ၃၁ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် Five Ocean Services Co., မိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းထိန်းသိမ်းရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးတင်ထွဋ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ပြင်ဦးလွင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး



**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျွန်းတပင်ကျေးရွာရှိ တောင်သူ ဦးဝင်းဗိုလ်၏ မျိုးကွဲရေဆင်း-၉ ဂျုံစံပြကွက်သို့ရောက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်းဂျုံသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ တစ်ဧကကုန်ကျစရိတ်နှင့်သီးနှံထွက်ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိုင်ကြီးကျေးရွာ ရွှေကောင်းကင် ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံတာဝန်ခံက Open Type စနစ်ဖြင့် မွေးမြူထားမှု၊ ကြက်စာကို ပြည်ပမှ ကုန်ကြမ်းနှင့် ပြည်တွင်းမှစိုက်ပျိုးထွက်ရှိသည့်ပြောင်းကုန်ကြမ်းတို့ ရောစပ်ထုတ်လုပ်မှုစသည်တို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး သက္ကံချိုင်းကျေးရွာရှိ တောင်သူ ဦးသန်းဝင်း၏ ဆောင်းကြက်သွန်နီစံပြကွက်စိုက်ခင်းသို့ ရောက်ရှိကာ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများနှင့် တောင်သူများ၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၂) အတွင်းရှိ သုမင်္ဂလာဈေး (ညံတောဈေး)ကို ခေတ်မီအဆင့်မြင့် အာစီရုံခြောက်ထပ် ဈေးကြီးအဖြစ်တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဈေးကြီးအတွက်လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီစဉ်နေမှု၊ ဈေးကြီးမှ ထွက်ရှိမည့် စွန့်ပစ်ရေများအတွက် လမ်းဖြတ်ရေမြောင်း တည်ဆောက်သွားမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်**

# မင်းလှမြို့နယ် ကညင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကညင်ပင်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၄ ဦးကို ငွေကျပ် ၄၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၉၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၉၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၀၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ နေကြာဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်း တွေထက်များပါတယ်။ နေကြာကို မိုးမှာထက်ဆောင်းမှာအဓိကထားစိုက်ကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာအထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)



# ကြီးစွာတစ်လီ ရန်သူမည်၏

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ သတင်းစာတွေထဲမှာ သားသမီးတွေကို အမွေပြတ်ကြေညာနေကြတာကို အရင်က ငါခံစားလို့မရခဲ့ဘူးကွ။ အခုတော့ ငါ့ကိုယ်တွေ့မို့ ခံစားလို့ရသွားပြီကွာ"

"ဘာလဲ မင်းရဲ့သားတွေထဲမှာ စိတ်ညစ်စရာသား ပေါ်လာလို့လား"

"စိတ်ညစ်စရာသား မဟုတ်ဘူးကွ။ ရင်နာစရာသားဖြစ်နေလို့ဟ။ အငယ်ဆုံးသားထွေးလေးဆိုပြီး အလိုလိုက်အကြိုက်ဆောင်ပေးလွန်းလို့ အခုတော့ မိုက်ရိုင်းစော်ကားလွန်းလာတယ်ကွာ"

"ဘယ်လိုမိုက်ရိုင်းစော်ကားတာလဲကွ"

"အိမ်တွင်းသူခိုးဖြစ်နေလို့ပဲကွ။ ငါ့အထင်တော့ မူးယစ်ဆေးဝါးတစ်မျိုးမျိုးကြောင့်ပဲလို့ထင်တယ်ကွာ"

"မင်းတို့မိဘတွေက သူ့အခြေအနေကို အကဲမခတ်မိဘူးလား"

"အဘိုး၊ အဘွားတွေရော တို့မိဘတွေကပါ ငယ်ငယ်ကလေးကတည်းက သည်းသည်းလှုပ် အချစ်ပိုအလိုလိုက်ခဲ့ကြတော့ ဒီကောင်ဘာလုပ်လုပ် မချုပ်ချယ်ခဲ့ဘူး။ သူ့မျက်နှာအညိုမခံဘဲ လိုက်လျောနေခဲ့ကြတယ်။ ဒီတော့ကာ သုံးဖြုန်းနိုင်တော့ အပေါင်းအသင်းက စုံလာတယ်။ အဲဒီလိုနဲ့ ဒီကောင်ဟာ မုန့်ဖိုးခဏခဏတောင်းလာတဲ့အပြင် အိမ်က ငွေတွေ၊ ပစ္စည်းတွေ မကြာခဏပျောက်ဆုံးလာတယ်ကွ။ အခု ရင်နာစရာဖြစ်ရပ်က ငါ့မိန်းမ၊ သူ့အမေရဲ့ ဘိုးစဉ်ဘောင်ဆက်အမွေပေးခဲ့တဲ့ စိန်လက်ကောက်တစ်ရန် ပျောက်ဆုံးသွားတာပဲကွ။ အကြီးကောင်တွေ မခိုးဘူးဆိုတာ တို့ရိပ်မိတယ်။ ဒီကောင်က အခု တစ်လောမှာ ငိုင်တိငိုင်တိုင်နဲ့ အမူအရာပျက်နေတယ်။ တို့က သူ့ကို မဆုံးမရသေးဘူး။ သူက အရင် ဒေါသူပုန်ထနေတယ်ကွ။ မိဘတွေကိုတောင် အာခံပြီး ရန်လုပ်လာတယ်"

"ဒါဆိုရင်တော့ မင်းသားဟာ မူးယစ်ဆေးဝါးစွဲနေတာသေချာနေပြီ။ အချိန်မီသေးတယ်။ စိတ်ကျန်းမာရေးဆေးရုံပဲဖြစ်ဖြစ်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ကိုပဲဖြစ်ဖြစ် ဆက်သွယ်အကူအညီတောင်းခံရင် အဆင်ပြေသွားလိမ့်မယ်"

"ငါက အဲဒီလိုဆက်သွယ်အကူအညီတောင်းခံရမှာကိုပဲ မျက်နှာကို ဘယ်လိုပြရမှန်းမသိအောင် ရှက်နေတာကွ။ ဖြစ်ချင်ရာဖြစ်ကွာ။ ဒီကောင့်ကို အိမ်ပေါ်က နှင်ချပြီး သတင်းစာကနေ အမွေပြတ်ကြေညာလိုက်မယ်"

"မင်းက အမွေပြတ်ကြေညာလိုက်ရုံနဲ့ မင်းရဲ့သားက ဆေးပြတ်သွားမှာလား။ လမ်းဘေးရောက်၊ ဒုက္ခမျိုးစုံနဲ့အသေဆိုးနဲ့သေဆုံးမှ မင်းတို့မိဘတွေ ယူကျုံးမရ အပူလုံးကြွပြီး အမယ်လေး သားလေးရဲ့ဆိုပြီး အလောင်းကို ပွေ့ဖက်ငိုကြတော့မလား"

"ငါရှူးချင်နေပြီကွာ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ပါဘူးကွာ"

"အဓိက တရားခံက မင်းတို့မိဘတွေပဲကွ။ မင်းတို့မိဘတွေက တစ်လွဲဆံပင်ကောင်းခဲ့ကြတာကိုး။ မင်းတို့ချစ်တာက ချစ်ရာမရောက်ဘဲ နှစ်ရာရောက်သွားတာကွ။ ကိုယ့်သားသမီးကိုချစ်ရင် **မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်**ဆိုသလိုပဲ ကိုယ့်သားသမီးလိမ္မာယဉ်ကျေးအောင် ငယ်စဉ်ကလေးဘဝကတည်းက ကောင်းနိုးရာရာတွေနဲ့ ပြုပြင်လမ်းညွှန်နေကြရမှာကွ။ မီးကို မလောင်ခင်ကတည်းက ကြိုတင်ကာကွယ်တားဆီးနေကြရမှာကွ။ လောင်မီးကျမှ ရေကို တနေလို့ကတော့ **မိုးလွန်မှထွန်ချ၊ သူခိုးပြေးမှ ထိုးကွင်းထ**ဆိုသလိုပဲ စိတ်ဆင်းရဲမှုမျိုးစုံနဲ့ ကြုံတွေ့ကြရမှာပဲကွ။

မိဘတိုင်းဟာ သားလေးမွေးဖွားလာရင် တို့မိဘတွေအားကိုးရမဲ့အား၊ တို့အတွက် အကာအကွယ်ပေးမဲ့ခါးရယ်လို့ ယုံကြည်ကိုးစားထားကြတယ်။ မိန်းကလေးမွေးဖွားလာရင် တို့မိဘတွေ အရိပ်ခိုလှုံခွင့်ရအောင် ဆောင်ကြဉ်းပေးမဲ့ထီးရယ်လို့ မျှော်မှန်းထားကြတယ်။ သားက လိမ္မာရင်တော့ မိဘတွေအတွက် အားဖြစ်တာပေါ့ကွာ။ အကာအကွယ်ပေးတဲ့ ခါးဖြစ်တာပေါ့ကွာ။ မိဘတွေကို ဒုက္ခပြန်ပေးတဲ့သားဆိုရင်တော့ အားနဲ့ခါးမဖြစ်ဘဲ မိဘတွေကို ပြန်ပြီး ဝါးမျိုတဲ့ကျားဖြစ်သွားတာပေါ့ကွာ။ အဲဒီလိုပဲ သမီးဆိုးနဲ့ရင်ဆိုင်တိုးတဲ့မိဘတွေကျတော့ ထီးလိုအရိပ်မခိုရဘဲ မီးလိုဝါးမျိုခံကြတာပဲ။

ဒါကြောင့် "ငယ်သော်ကား'**သား**'၊ ကြီးသော်'**အား**'၊ မှတ်သား သားလိမ္မာ။ ငယ်သော်ကား '**သား**'၊ ကြီးသော်'**ကျား**'၊ မှတ်သား သားမိုက်ပါ။ ''ငယ်သော်ကား '**သမီး**'၊ ကြီးသော် '**ထီး**'၊ သမီးအလိမ္မာ၊ ငယ်သော် '**သမီး**'၊ ကြီးသော '**မီး**'၊ သမီးအမိုက်ပါ"ဆိုတဲ့ လင်္ကာသံပေါက်တောင် ရှိခဲ့သေးတယ်ကွ။

**❖မိဘတိုင်းဟာ သားလေးမွေးဖွားလာရင် တို့မိဘတွေအားကိုးရမဲ့အား၊ တို့အတွက် အကာအကွယ်ပေးမဲ့ခါးရယ်လို့ ယုံကြည်ကိုးစားထားကြတယ်။ မိန်းကလေးမွေးဖွားလာရင် တို့မိဘတွေ အရိပ်ခိုလှုံခွင့်ရအောင် ဆောင်ကြဉ်းပေးမဲ့ထီးရယ်လို့ မျှော်မှန်းထားကြတယ်။ သားက လိမ္မာရင်တော့ မိဘတွေအတွက်အားဖြစ်တာပေါ့ကွာ။ အကာအကွယ်ပေးတဲ့ခါးဖြစ်တာပေါ့ကွာ။ မိဘတွေကို ဒုက္ခပြန်ပေးတဲ့သားဆိုရင်တော့ အားနဲ့ခါးမဖြစ်ဘဲ မိဘတွေကို ပြန်ပြီးဝါးမျိုတဲ့ ကျားဖြစ်သွားတာပေါ့ကွာ။ အဲဒီလိုပဲ သမီးဆိုးနဲ့ရင်ဆိုင်တိုးတဲ့မိဘတွေကျတော့ ထီးလိုအရိပ်မခိုရဘဲ မီးလိုဝါးမျိုခံကြတာပဲ။ ❖**

သားသမီးကံ၊ အိမ်ထောင်ကံဆိုတာရှိတယ်။ အိမ်ထောင်ကံကို မပြောချင်သေးဘူး။ သားသမီးကံကို ငါပြောပြမယ်။ ဘယ်မိဘမဆို ကိုယ့်ရင်သွေးသားသမီးတွေကို အသည်းနှလုံးထဲက နှစ်နှစ်ကာကာချစ်ကြတာပဲကွ။ ဒါကြောင့် စာပေဟောပြောပွဲတွေမှာ **"ကျေးဇူးကြီးလှ မိနဲ့ဖ"**ခေါင်းစဉ်နဲ့ ငါဟောပြောခဲ့တဲ့အထဲမှာ **"လှူ့ပြည်မှာနေနေ၊ နတ်ပြည်ပဲသွားသွား၊ တိမ်ကြားမှာပဲစံစံ၊ မြိုင်ယံပဲရောက်ရောက်၊ ချောက်ထဲပဲကျကျ၊ သားသမီးတွေရဲ့ဘဝကောင်းစားမယ်ဆိုရင် မိဘတွေဟာ ရင်ကိုခွဲပြီး အသည်းကိုပေးအပ်ဝံ့သူတွေပါ"**လို့ တင်စားစေဟောပြောခဲ့တာပေါ့ကွာ။ မင်းရဲ့ဖြစ်ရပ်မျိုးဆိုရင် ရင်ကိုခွဲပြီး အသည်းကို ပေးဖို့နေနေသာသာ ရင်နာလို့မဆုံးဖြစ်နေရတယ် မဟုတ်လား"

"ဟုတ်တယ်လေကွာ။ အလိုလိုက်အမိုက်စော်ကားတဲ့အပြင် မိဘဆွေမျိုးတွေကို အရှက်ခွဲတဲ့ သားဆိုးကို ငါကွာ ပြောရရင် ရင်နာသထက်နာတယ်ကွ"

"ဒီမှာ သူငယ်ချင်း **ပုဗ္ဗာစရိယ မိနဲ့ဖ**ဆိုတာကို မင်းပြန်စဉ်းစားကြည့်။ **သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း**ဆိုတဲ့ စကားလိုပဲ ရင်းမြစ်ကိုစိစစ်သုံးသပ်ကြည့်ရင် မင်းတို့မိဘတွေဟာ လက်ဦးဆရာတွေမို့ အဓိက တရားခံတွေပဲကွ"

"တရားခံဟုတ်လား။ ဒီလောက် အလိုလိုက်အကြိုက်ဆောင်ပေးနေပါရဲ့နဲ့ မိဘတွေကို အရှက်ခွဲနေတဲ့ကောင်။ တောက်"

"စိတ်ကိုထိန်းစမ်းကွာ။ မင်းတို့ အလိုလိုက်အကြိုက်ဆောင်လွန်းလို့ ဒီလိုဖြစ်ရတာကွ။ ကိုယ့်သားသမီးမှားနေတာကို ချစ်စနိုးနဲ့ လျစ်လျူရှုအလိုလိုက်ခဲ့တာကိုက ပထမအမှားပဲ။ သားသမီးတွေကို မိတ်ဆွေ၊ သူငယ်ချင်းအပေါင်းအသင်းဆိုတာ ဘယ်လိုရှိတယ်။ ဘယ်လိုရွေးပြီး ပေါင်းသင်းသင့်တယ်။ ဆောင်ဖို့၊ ရှောင်ဖို့တွေကို မင်းတို့သွန်သင်ညွှန်ကြားဆုံးမခဲ့ကြရဲ့လား။ မင်းစဉ်းစားကြည့်ပါ။

ကားစင်ပေါ်တက် အသတ်ခံရတော့မဲ့ သားသူခိုးဟာ သူ့မိခင်ကို တိုးတိုးကလေးမှာစရာရှိလို့ အမေကျွန်တော့်အနားလာပါဆိုတော့ မိခင်က သားရဲ့အနားကပ်၊ သူ့နားရွက်ကို သားရဲ့ပါးစပ်နားကပ်အပေး သားဆိုးသူခိုးက မိခင်ရဲ့နားရွက်ကို ကိုက်ဖြတ်လိုက်တယ်။ အမေဟာ သူငယ်စဉ်တုန်းက မဆုံးမခဲ့လို့ ခုလိုသူခိုးဖြစ်ရတာပါလို့ ပြောဆိုခဲ့တဲ့သာဓကကို မင်းရော၊ ငါပါ ငယ်စဉ်ကတည်းက ကြားသိနားလည်ခဲ့တာပဲကွာ။

ဒါကြောင့် **ငယ်က မိဘ၊ မဆုံးမမူ၊ ကြီးစွာတစ်လီ၊ ရန်သူမည်၏**လို့ ဆိုထုံးရှိခဲ့တာပေါ့ကွာ။ ဒီတော့ကာ ငါ မင်းကိုအကြံပေးချင်တယ်။ မင်းရဲ့သားကို မကြမ်းနဲ့၊ မဆူနဲ့။ နားလည်သဘောပေါက်အောင် သာဓကေတွေဆောင်ပြီး ရှင်းပြနားချရမယ်။ ဒါတောင်ချက်ချင်းလုပ်လို့မရသေးဘူး။ မူးယစ်ဆေးပြတ်အောင်လုပ်ပြီးမှရမယ်။ မူးယစ်ဆေးစွဲပြီး လူ့အသိစိတ်ပျောက်နေရင် မိဘတွေကိုတောင် ပြန်သတ်မှာကွ။ မင်းအမွေပြတ်ကြေညာလဲ ငွေကုန်တာပဲ အဖတ်တင်မယ်။ အရာမရောက်ဘူးကွ။

မင်းရဲ့သားလို မူးယစ်ဆေးမစွဲဘဲ မိသားစုစီးပွားရေးပြဿနာတွေ၊ လူမှုရေးပြဿနာတွေနဲ့ လူငယ်သဘာဝ ချစ်သူရည်းစားပြဿနာတွေကြောင့် မိဘနဲ့ သားသမီးပဋိပက္ခဖြစ် အိမ်ပေါ်ကဆင်းသွားတဲ့ သား၊ သမီးတွေကို မိဘတွေက လူပျောက်ကြော်ငြာတွေထည့်ပြီးကြော်ငြာနေကြတာကို မင်းတွေ့နေတာပဲကွာ။ ကြော်ငြာတာတောင်မှ တွေ့ရင်သတင်းပေးပါ။ ကျေးဇူးဆပ်ပါမယ်လို့ ကြော်ငြာနေကြတယ်မဟုတ်လား။ ဒီတော့ကာ မိဘတွေသာမကဘဲ ဆွေမျိုး၊ မိသားစုအသိုင်းအဝိုင်းတွေကိုပါ အပူကူးတယ်ကွ။ အပူကူးတယ်ဆိုတာက အရပ်ကူပါ၊ လူဝိုင်းပါ တစာစာနဲ့ အကူအညီတောင်းခံကြတာပေါ့ကွာ။

သားသမီးအိမ်ပေါ်က ဆင်းသွားလို့ မပဋ္ဌာမြေလူး၊ အရူးမီးဝိုင်း သောကမုန်တိုင်းထန်နေကြတဲ့ မိဘတွေဟာ တချို့ဆိုရင် နှလုံးရောဂါကြောင့် သေဆုံးခဲ့ကြရတယ်။ တချို့ဆို ကြံရာမရတဲ့အဆုံး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့နဲ့ လက်လှမ်းမီသမျှအဖွဲ့အစည်းတွေကို တိုးလျှိုးတောင်းပန်အကူအညီတောင်းခံခဲ့ကြရတာတွေ ရှိနေတယ်ကွ"

"ငါကတော့ ဘယ်သူ့ဆီကမှ အကူအညီမတောင်းခံဘူး။ ဖြစ်ချင်ရာဖြစ် လျစ်လျူရှုနေလိုက်မှာပဲ။ အဖွဲ့အစည်းတွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဖွဲ့တွေအနေနဲ့ကလဲ အများစုရဲ့ဒုက္ခတောင်မှ မကယ်တင်နိုင်တာ တို့လို ပုဂ္ဂလိကပြဿနာကို အရေးလုပ်ပြီး ဆောင်ရွက်ပေးမှာလားကွ"

"မင်းက ဘာကိုရည်ရွယ်ပြီး တစ်ဖက်သတ်စွပ်စွဲနေတာလဲ"

"ငါ့အကျိုးအတွက်မဟုတ်ပါဘူးကွာ။ တို့ရန်ကုန်သူ၊ ရန်ကုန်သားတွေ နေ့စဉ်နဲ့အမျှ ခံစားနေကြရတဲ့ သွားလာရေးဒုက္ခ၊ ကားတွေပိတ်ဆို့နေကြတဲ့ ဒုက္ခ၊ စည်းကမ်းမဲ့၊ စည်းကမ်းပျက်နေကြတဲ့ ဒုက္ခကို ဘယ်သူက ကူညီဖြေရှင်းနေလို့လဲ"

"ဟေ့ကောင် မင်းရဲ့သားဆိုးကြောင့် နိုင်ငံရေးကို ဆွဲမထည့်နဲ့။ မင်းရဲ့သားကိုတောင် မင်းက နိုင်အောင်မထိန်းသိမ်းနိုင်ဘဲနဲ့ အစိုးရကို တစ်ဖတ်သတ်မပုတ်ခတ်နဲ့။ အစိုးရဆိုတာ မင်းတို့လို တစ်ဦးတစ်ယောက်တည်းအတွက် ဆောင်ရွက်နေရတာမဟုတ်ဘူးကွ။ အများစုအကျိုးကိုကြည့်ပြီး လုပ်ဆောင်နေကြရတာကွ။ ကောင်းတာတွေ၊ အားသာချက်တွေရှိနေသလို အားနည်းချက်တွေလဲ ရှိနေမှာပဲကွ။ **အများအကြိုက်၊ ဆယ်ခါလိုက်လဲ၊ မလိုက်တစ်ခါ၊ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ၊ စွဲမှတ်ယူ၏**လို့ အဆိုရှိသလိုပဲ အဆိုးမြင်နဲ့ကြည့်ရင်တော့ မျက်မှန်စိမ်းတပ်ကြည့်သလို ဖြစ်နေမှာပဲကွ။

မင်းပြောတဲ့စကားအရ ငါပြောရရင် ၂၀၁၁ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ ဆောင်ရွက်ပေးခဲ့တဲ့ပြဿနာလေးကို မင်းသိလိုက်ရင် အဓိကကျတဲ့ အဖွဲ့အစည်းအများစုရဲ့အကျိုးကို သယ်ပိုးထမ်းဆောင်ပေးနေသလို တစ်ဦးချင်း၊ မိသားစုရဲ့အကျိုးကိုလဲ လစ်ဟာမှုမရှိစေဘဲ ဆောင်ရွက်ပေးနေတယ်ဆိုတာ မင်းသိစေချင်တယ်''

"ဘယ်လိုဆောင်ရွက်ပေးနေတာလဲ၊ ပြောပြစမ်းပါအုံး"

"မိဘတွေရဲ့ ခံစားချက်ပေါ့ကွာ။ မင်းရဲ့သားလို ဟိုကလေးက ဆိုးသလား၊ ကောင်းသလားတော့ မသိဘူး။ ဘာမှမဝေဖန်လိုဘူး။ ဖြစ်ရပ်အကျဉ်းချုပ်လောက်ကိုပဲ ငါပြောပြမယ်။ ခုနစ်တန်းကျောင်းသားလေးဟာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃ ရက် မနက် လေးနာရီခွဲအချိန်မှာ အတန်းပိုင်ဆရာမနဲ့အတူ လူထုလမ်းလျှောက်ပွဲကို လိုက်ပါသွားခဲ့တယ်။ အဲဒီကျောင်းသားလေးဟာ နေ့လယ် ၁ နာရီလောက်ထိ နေအိမ်ကို ပြန်ရောက်မလာလို့ ကျောင်းမှာ ဘောလုံးကစားနေကြတဲ့ သူ့ရဲ့သူငယ်ချင်းတွေကို မိဘတွေက သွားမေးတော့ နေ့လယ် ၁၂ နာရီလောက်ကတည်းက အိမ်ပြန်သွားတယ်လို့ ပြောကြတယ်တဲ့။ ဘယ်လိုမှရှာမရတဲ့အဆုံးမှာ မိဘတွေက နောက်တစ်နေ့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၄ ရက်နေ့မှာ --- ရဲစခန်းမှာ လူပျောက်မှုနဲ့ အမှုဖွင့်ခဲ့တယ်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်နေ့မှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ကို တိုင်ကြားခဲ့တဲ့အပြင် သတင်းစာတွေထဲမှာ ကလေးရဲ့ဓာတ်ပုံနဲ့ အတူထည့်သွင်းကြေညာခဲ့တယ်တဲ့။ နောက်ဆုံး ရက်၊ လကြာလာတော့ မိဘတွေခမျာ ဖြေဆည်လို့မရတာကြောင့် ရေနစ်ရာမှာကောက်ရိုးတစ်မျှင်ကို အားကိုးတကြီးဆွဲယူခဲ့ကြသလို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကူညီပေးဖို့ စာတင်ပြခဲ့တယ်တဲ့။ ရန်ကုန်တိုင်းဒေသကြီးအစိုးရကလည်း တစ်ဦးတစ်ယောက်၊ တစ်မိသားစုရဲ့အရေးဖြစ်ပေမဲ့ မိဘချင်းစာနာကရုဏာစိတ်နဲ့ အစိုးရအဖွဲ့အစည်းအဝေးမှာဆွေးနွေးညှိနှိုင်းပြီး ကလေးပျောက်ရာပုံတော်မှာ ကူညီဆောင်ရွက်ပေးပါမယ်လို့ ကလေးရဲ့ဖခင်ထံကို တရားဝင်စာနဲ့ အလေးထားပြန်ကြားခဲ့တယ်တဲ့ကွာ"

"ဟုတ်ရဲ့လား။ မင်းပြောနေတာ (Hear Say) တစ်ဆင့်ကြားစကားများလားကွာ"

"မင်းမယုံဘူးလား။ ဟောဒီမှာကြည့် ဝန်ကြီးချုပ်ကိုယ်စား ပြန်ကြားထားတဲ့စာ လက်တွေ့ပဲကွ"

"အံ့ဩကုန်နိုင်ဖွယ်ပဲကွ။ လက်တွေ့ဆိုတော့ ယုံပါပြီကွာ။ ဆက်ပြောပါအုံး"

''ဆက်ပြောရရင် ရှစ်လကြာ ပျောက်ဆုံးနေတဲ့ ခုနစ်တန်းကျောင်းသားလေးဟာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက် ည (၇)နာရီခွဲမှာ မိဘတွေဆီ ပြန်ရောက်လာတယ်တဲ့။ အဲဒီကလေးပျောက်ဆုံးသွားတဲ့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃ ရက် (စနေနေ့) နေ့လယ် သုံးနာရီမှာ

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးပြီးစီး



**မြောင်းမြ ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ဧက ၂၅၀၀ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) လျာထားဧက ၂၅၀၀ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပိုက်ဆန်လျှော် စိုက်ပျိုးတာက အကျိုးကျေးဇူးများစွာ ရှိပါတယ်။ စိုက်ပျိုးမြေတွေမှာ ဓာတုဓာတ်မြေဩဇာတွေ သုံးစွဲမှုလျော့နည်းသွားမယ်၊ ဓာတ်မြေဩဇာကြောင့် မြေဆီလွှာပျက်စီးတာတွေ လျော့နည်းလာမယ်။ ဒ့ါပြင် ပိုက်ဆန်လျှော် ထည့်စိုက်တဲ့အတွက် ထွက်လာတဲ့သီးနှံတွေမှာလဲ ဓာတုဓာတ်ကြွင်းပါရှိလာမှု လျော့ကျသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပိုက်ဆန်လျှော်ကို ဧက ၂၅၀၀ ထိ လျာထားစိုက်ပျိုးခဲ့တာ ဖြစ်ပါတယ်။ ပိုက်ဆန်လျှော်စိုက်ပျိုးတဲ့ လုပ်ငန်းကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်တောင်သူများအနေဖြင့် စိုက်ပျိုးဧက တိုးချဲ့စိုက်ပျိုးနိုင်ပါက ဓာတ်မြေဩဇာအသုံးပြုရမှုလျော့နည်းကျဆင်းလာမည်ဖြစ်ပြီး သွင်းအားစုကုန်ကျစရိတ်များ သက်သာလာခြင်းကြောင့် နိုင်ငံအတွင်း သဘာဝမြေဩဇာသုံးစွဲမှု ဖူလုံစေပြီး ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

မလွှကုန်းဘူတာနဲ့ ရန်ကုန်ဘူတာကြီး မြို့ပတ်ရထားစီးသွားရင်းက ဘူတာကြီးမှာ ရဲတပ်ဖွဲ့ဝင်တွေက မသင်္ကာသူတွေကို လိုက်ရှာနေတဲ့ အချိန်တဲ့။ ကလေးကိုစစ်မေးနေချိန်မှာ ဦးပဥ္စင်းတစ်ပါးက သူ့ကို ဒီကလေးဟာ သူ့ကျောင်းသားလို့ပြောလိုက်တော့ ရဲတပ်ဖွဲ့ဝင်တွေက ဆက်ပြီး မစစ်မေးတော့ဘဲ လွှတ်ပေးခဲ့တယ်တဲ့။ ကလေးဟာ အဲဒီ ဦးပဥ္စင်းနဲ့ပဲ မော်လမြိုင်မြို့နယ် ကွတ်နတ်ကျေးရွာ မန်းစာသင်ကျောင်းကို လိုက်သွားခဲ့တယ်တဲ့။ ဟိုရောက်တော့ ကိုရင်ဝတ်ပေးခဲ့တယ်တဲ့။ ကျေးရွာတွေမှာ ဆွမ်းခံကြွရတယ်တဲ့။ အခု နိုဝင်ဘာလဆန်းရောက်တော့မှ အိမ်ကိုလွမ်းပြီး အိမ်ပြန်ချင်ကြောင်း ဦးပဥ္စင်းကိုပြောပြတော့ ဦးပဥ္စင်းက အိမ်ကိုပြန်ချင်ရင် ပြန်စေရမယ်လို့ပြောပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက် နံနက်မှာ မော်လမြိုင်-ရန်ကုန် အမြန်ရထားနဲ့ လက်မှတ်ဝယ်တင်ပေးလိုက်တာတဲ့။ ည ၆ နာရီလောက်မှာ ရန်ကုန်ဘူတာကြီးကနေ မြို့ပတ်ရထားစီးပြီး အိမ်ကိုပြန်လာတာ ည ၇ နာရီမှာ အိမ်ကိုရောက်လာခဲ့တာတဲ့။ အဲဒီလို နေအိမ်ကိုရောက်လာတော့ ကလေးရဲ့ဖခင်က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ သက်ဆိုင်ရာရဲစခန်းကို ပြန်လည်သတင်းပို့တင်ပြခဲ့တယ်တဲ့ကွ"

"တော်တော်ကံကောင်းတဲ့ကလေးပဲ။ ကျေးညီနောင်ပုံပြင်ထဲကလို သူတော်ကောင်း ဦးပဥ္စင်းလက်ထဲရောက်သွားလို့ ဘာမှမဖြစ်ဘဲ ပြန်လာနိုင်တာပေ့ါ။ သူခိုး၊ ဓားပြတွေ၊ လူမှောင်ခိုတွေ၊ လိင်တူချင်းဆက်ဆံသူတွေ၊ ငွေဝယ်ကျွန်လို ရက်ရက်စက်စက်ခိုင်းစားသူတွေရဲ့လက်ထဲသာ ရောက်လို့ကတော့ မတွေးရဲစရာပေ့ါကွာ"

"ဒါပေ့ါကွာ။ အဲဒီကလေးဟာ တော်တော်ကံကောင်းခဲ့တာပဲ။ သူတော်ကောင်းနဲ့တွေ့၊ ရှစ်လလုံးလုံး ကောင်းမှုကုသိုလ်လုပ်ခဲ့တဲ့ အကျိုးကြောင့် မိဘတွေလဲ စိတ်ချမ်းသာသွားကြပြီး သားရွှေအိုးထမ်းတဲ့ကိန်း ဆိုက်သွားတာပေ့ါကွာ။

မင်း အဲဒီဖြစ်ရပ်ကိုကြည့်။ မိဘတွေအနေနဲ့ သားသမီးတွေကိုချစ်ကြတာဟာ မဆန်းပေမဲ့ သားသမီးတွေကိုမကြိမ်းဘဲ နားလည်သဘောပေါက်အောင် ပျော့ပျော့ပျောင်းပျောင်းနဲ့ ဖျောင်းဖျနားချတတ်ကြဖို့ လိုတယ်ကွ။ ဒါက မိသားစုပြဿနာနော်။ ဘာပြဿနာပဲဖြစ်ဖြစ် အကြောင်းအကျိုးအကောင်းအဆိုးကို ခွဲခြားသုံးသပ်ဖို့ လိုတယ်ကွ။ သားသမီးတွေကိုပဲ အပြစ်ပုံချနေလို့မရဘူး။ ခေါင်က မိုးလုံဖို့လဲ လိုတယ်ကွ။ တချို့မိဘတွေဟာ ကိုယ်ကတော့ အပြင်မှာသုံးဖြုန်း၊ အကောင်းဆုံးတွေကို စားသောက်ဝတ်ဆင်၊ သားသမီးတွေကျတော့ ပစ်စလက်ခတ်ထား။ အလိုမကျတဲ့အခါမှာ ဆူပူကြိမ်းမောင်း။ ရိုက်ပုတ်ညှဉ်းဆဲ။ ကြာတော့ အရွယ်ရောက်လာတဲ့သားသမီးတွေက မခံနိုင်ကြတော့ဘဲ တုံ့ပြန်လာကြတာပဲကွ။ အဲဒီလိုဖြစ်ပွားရတာဟာ မိဘတွေ ပြောဆိုဆုံးမ၊ စီမံခန့်ခွဲမှုမတတ်ကြလို့ပဲကွ။ မင်းကို ငါစကားလက်ဆောင်ပေးလိုက်မယ်။ မင်းဘဝအေးချမ်းချင်ရင် မိသားစုအရေးကို အဆင်ပြေအောင်လုပ်၊ ဟိုရမ်းဒီရမ်းမလုပ်နဲ့။ မိသားစုအရေးဟာ နိုင်ငံရေးပဲကွ။ နိုင်ငံရေးနဲ့ မိသားစုစားဝတ်နေရေးတွေဟာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသလိုပဲကွ။ မင်း လေးလေးနက်နက်စဉ်းစားကြည့်ပါ သူငယ်ချင်း"

## ဘဝပညာ စာကဗျာ

- ဘဝကဗျာ
  တန်ဆာ ဘယ်မှာလဲ၊
  သီကုံးဖွဲ့ရာ လှပဖို့
  ပုံကျမှပဲ။

- တည်ဆောက်ရာ ငယ်ကာလမှ
  အစစ အရာရာ
  ကောင်းမြတ်သေချာ၊
  သင်ယူလေ့လာ
  ပညာ တတ်မြောက်ထား၊
  အနာဂတ် လမ်းတစ်လျှောက်မှာ
  ထွန်းတောက်စေသား။

- ဝါသနာ ရင်မှာတိုးတော့
  ရေးစပ်ပျိုး စာကဗျာ၊
  ဖွဲ့နည်းနာ ကျေကျေညက်မှ
  ရေးလက် ထက်မှာ၊
  ပညာနဲ့ စာကဗျာ
  ကြိုးစားရှာ သည်ဘဝ၊
  စိတ်အတွေးမှာ ဥာဏ်ရည်သွေးလို့
  မနှေးလှပ။ ။

**ဆောင်းနေရောင်(အဖျောက်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## မက္ကဆီကိုနယ်စပ်သို့ တပ်ဖွဲ့ဝင်ဦးရေ ၁၅၀၀ ထပ်မံစေလွှတ်ရန် အမေရိကန်တပ်မတော်စီစဉ်ထား



**ဝါရှင်တန် ဇန်နဝါရီ ၂၃**

တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများပြဿနာကို ထိန်းချုပ်ရာတွင်ကူညီရေးအတွက် မက္ကဆီကိုနယ်စပ်သို့ တပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀ ထပ်မံစေလွှတ်ရန် အမေရိကန်တပ်မတော်က စီစဉ်ထားသည်ဟု ဇန်နဝါရီ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အမေရိကန်မရိန်းတပ်မှတပ်ဖွဲ့ဝင် ဦးရေ ၅၀၀ အပါအဝင် ပုံမှန်တပ်ဖွဲ့ဝင် ၁၅၀၀ကို မက္ကဆီကိုနယ်စပ်သို့ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ကြေညာထားသည်။

လူဝင်မှုပြဿနာနှင့်ပတ်သက်၍ အထူးအမိန့်ဒီကရီတစ်ရပ်ကို သမ္မတသစ် ဒေါ်နယ်ထရန့်က လက်မှတ် ရေးထိုးခဲ့ပြီးနောက် မက္ကဆီကိုနယ်စပ်သို့ တပ်ဖွဲ့ဝင် ဦးရေ ၁၅၀၀ စေလွှတ်မည့် အစီအစဉ်ကို အိမ်ဖြူတော်က ကြေညာခဲ့ခြင်းဖြစ်သည်။

ထပ်မံစေလွှတ်မည့် တပ်ဖွဲ့ဝင်များသည် သမ္မတဒေါ်နယ်ထရန့်၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီကပင် မက္ကဆီကိုနယ်စပ်သို့ ရောက်ရှိနေသည့် ပုံမှန်တပ်ဖွဲ့ဝင်များ၊ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

ဒေါ်နယ်ထရန့်သည် ၎င်း၏ သမ္မတရာထူး ပထမသက်တမ်းအတွင်းကလည်း မက္ကဆီကိုနယ်စပ်လုံခြုံရေးတည်ဆောက်ရာတွင် အကူအညီပေးရန် အမေရိကန်တပ်ဖွဲ့ဝင် ၅၂၀၀ကို တာဝန်ပေးခဲ့ဖူးသည်။

ဒေါ်နယ်ထရန့်ဦးဆောင်သည့် အမေရိကန်အစိုးရအနေဖြင့် မက္ကဆီကိုနယ်စပ်သို့ တပ်ဖွဲ့ဝင် ဦးရေ ၁၀၀၀၀ထိ စေလွှတ်ထားရန် စဉ်းစားနေကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယနိုင်ငံ၌ ရထားမတော်တဆမှုဖြစ်ပွား အနည်းဆုံး ၁၂ ဦး ရထားတိုက်ခံခဲ့ရ

**ဒေလီ ဇန်နဝါရီ ၂၃**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရက်ရှ်တြပြည်နယ်၌ ရထားတစ်စီးပေါ်မှ ခုန်ချလာသည့်ခရီးသည်များကို အခြားရထားတစ်စီးက ဝင်တိုက်ခဲ့ရာ အနည်းဆုံး လူပေါင်း ၁၂ဦး သေဆုံးခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ပါဟာဒီ အမည်ရှိ ဘူတာရုံတစ်ခုအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်အတွင်း အနည်းဆုံး လူပေါင်း ခြောက်ဦးဒဏ်ရာများရရှိခဲ့သည်။

ရထားတစ်စီးပေါ်မှ ခရီးသည်များက မီးအန္တရာယ်သတိပေးချက်တစ်ရပ်ကြောင့် ရထားတွဲများပေါ်မှ ခုန်ချနေစဉ် နံဘေးသံလမ်းပေါ်၌ မောင်းနှင်နေသော ရထားတစ်စီးက ခုန်ချလာသောခရီးသည်များကို ဝင်တိုက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ရထားမတော်တဆမှုနှင့်ပတ်သက်၍ အိန္ဒိယတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

အိန္ဒိယအစိုးရအနေဖြင့် ရထားလမ်းများ ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရန် အိန္ဒိယအစိုးရက ကြိုးပမ်းနေသော်လည်း အိန္ဒိယ ရထားလမ်းများပေါ်၌ရထားမတော်တဆမှုများ ရာနှင့်ချီ၍ နှစ်စဉ် ဖြစ်ပွားနေဆဲဖြစ်သည်။

၂၀၂၃ ခုနှစ်ကလည်း အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ ရထားနှစ်စီးဝင်တိုက်ခဲ့ရာ လူပေါင်း ၂၈၀ သေဆုံးခဲ့ရပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်အထက်တန်းကျောင်းတစ်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် နှစ်ဦးသေဆုံး၍တစ်ဦးဒဏ်ရာရရှိ




**နယူးယောက် ဇန်နဝါရီ ၂၃**

အမေရိကန်နိုင်ငံ တင်နယ်ဘီပြည်နယ် အထက်တန်းကျောင်း တစ်ကျောင်း၌ ဇန်နဝါရီ ၂၂ ရက်တွင် သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ ပစ်ခတ်သူအပါအဝင် နှစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အထက်တန်းကျောင်းမှာ တင်နယ်ဘီပြည်နယ် နက်ရှ်ဗီးလ်မြို့၌ တည်ရှိကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုကျူးလွန်ခဲ့သူမှာ အသက် ၁၇ နှစ်အရွယ် အထက်တန်းကျောင်းသားတစ်ဦးဖြစ်ပြီး ပစ်ခတ်မှုကျူးလွန်ခဲ့ပြီးနောက် ကိုယ့်ကိုယ်ကိုယ်ပစ်ခတ်အဆုံးစီရင်ခဲ့ကြောင်း နက်ရှ်ဗီးလ်မြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဆော်လမွန်ဟန်ဒါဆင်အမည်ရှိ သေနတ်သမား၏ ပစ်ခတ်မှုကြောင့် အသက် ၁၆ နှစ်အရွယ် ကျောင်းသူတစ်ဦး သေဆုံး၍ အသက်၁၇နှစ်အရွယ် ကျောင်းသားတစ်ဦးဒဏ်ရာရရှိခဲ့သည်။

အမေရိကန်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်များအတွင်း စာသင်ကျောင်းသေနတ်ပစ်ခတ်မှုများ အများအပြားဖြစ်ပွားခဲ့သည်။

အစိုးရ ကိန်းဂဏန်းများအရ ၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စာသင်ကျောင်းသေနတ်ပစ်ခတ်မှုပေါင်း ၃၃၀ ဖြစ်ပွားခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၃၄၉ မှုထိ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျပန်နိုင်ငံ ဘူတာရုံတစ်ရုံပြင်ပ၌ ဓားလက်နက်သုံး တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွား တစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိ

**တိုကျို ဇန်နဝါရီ ၂၃**

ဂျပန်နိုင်ငံအလယ်ပိုင်း နာဂါနိုမြို့ မီးရထားဘူတာရုံတစ်ရုံပြင်ပ၌ ဇန်နဝါရီ ၂၂ ရက်က ဓားလက်နက်အသုံးပြု တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

တိုက်ခိုက်မှု ကျူးလွန်ခဲ့ဖွယ်ရှိသူမှာ အခင်းဖြစ်ရာနေရာမှ ထွက်ပြေးလွတ်မြောက်နေကြောင်း နာဂါနိုမြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း အသက် ၄၉ နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ဓားလက်နက်သုံးတိုက်ခိုက်မှုကျူးလွန်ခဲ့သူမှာ သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သေနတ်ကိုင်ဆောင်မှုဥပဒေများ အလွန်တင်းကျပ်သည့် ဂျပန်နိုင်ငံ၌ အကြမ်းဖက်ရာဇဝတ်မှုများ ဖြစ်လေ့ဖြစ်ထနည်းပါးသည်။

သို့ရာတွင် မကြာသေးမီနှစ်များအတွင်း မြေအောက်ဘူတာရုံများ ဓားလက်နက်သုံးတိုက်ခိုက်မှု၊ မီးရှို့တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလာခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဂရန်းကာတယ်လ်မီးလောင်ကျွမ်းမှုအတွက် လူပေါင်း ၁၁ ဦးကို တူကီယဲဖမ်းဆီးထား

**အင်ကာရာ ဇန်နဝါရီ ၂၃**

ဘိုလူတောင်တန်းဒေသ နှင်းလျှောစီးစခန်းဟိုတယ်မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် တူကီယဲရဲတပ်ဖွဲ့က လူပေါင်း ၁၁ ဦးကို ဖမ်းဆီးထားကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂရန်းကာတယ်လ် အမည်ရှိ အဆိုပါနှင်းလျှောစီးစခန်းဟိုတယ် မီးလောင်မှုကြောင့်လူပေါင်း ၇၉ဦး သေဆုံးခဲ့ရပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

ကာတယ်လ်ကာယာ နှင်းလျှောစီးစခန်း၌တည်ရှိသည့် ဂရန်းကာတယ်လ်ဟိုတယ်မီးလောင်မှုသည် ဇန်နဝါရီ ၂၁ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် ကြောက်လန့်တကြားဖြစ်နေသည့် ဧည့်သည်များမှာ ညသန်းခေါင်ယံတွင် ဟိုတယ်ပြတင်းပေါက်များမှ ခုန်ချခဲ့ကြကြောင်း တူကီယဲတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အထပ် ၁၁ ထပ်ပါ ဂရန်းကာတယ်လ်ဟိုတယ်မီးလောင်မှုအတွက် တူကီယဲတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး လူပေါင်း ၁၁ ကိုလည်း ဖမ်းဆီးထားကြောင်း သိရသည်။

ဂရန်းကာတယ်လ် ဟိုတယ်မီးလောင်မှု၌ သေဆုံးခဲ့သူများအနက် အနည်းဆုံး ဦးရေ ၂၀မှာ ကလေးများ ဖြစ်ကြကြောင်း တူကီယဲမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီနှင့်တရုတ်အာကာသအေဂျင်စီက လာမည့်နှစ်တွင် Smile အာကာသရာသီဥတုလေ့လာရေးယာဉ်ကို လွှတ်တင်ရန် စီစဉ်ထား



**ပဲရစ် ဇန်နဝါရီ ၂၃**

ဥရောပအာကာသအေဂျင်စီနှင့် တရုတ်အာကာသအေဂျင်စီသည် လာမည့်နှစ်တွင် Smile အမည်ရှိ အာကာသရာသီဥတုလေ့လာရေးယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

Smile အာကာသယာဉ်ကို ၂၀၂၆ ခုနှစ်တွင် ဗီဂါ-စီ ဒုံးပျံဖြင့် ပြင်သစ်ဂီယာနာဒေသ ကိုရူး အာကာသစခန်းမှ လွှတ်တင်ရန် စီစဉ်ထားကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

လွှတ်တင်ပြီးချိန်တွင် အလေးချိန် ကီလိုဂရမ် ၂၃၀၀ ထိရှိသော Smile အာကာသယာဉ်သည် နေမှ ထုတ်လွှတ်နေသည့် စွမ်းအင်ဆောင် အမှုန်စီးကြောင်းများကို လေ့လာမည်ဖြစ်သည်။

တရုတ် အာကာသအေဂျင်စီနှင့် ဥရောပအာကာသအေဂျင်စီသည် Smile အာကာသယာဉ်ကို ၂၀၂၁ ခုနှစ်တွင် လွှတ်တင်ရန်မူလကစီစဉ်ထားသော်လည်းအကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

ဥရောပ အာကာသအေဂျင်စီနှင့် တရုတ်အာကာသအေဂျင်စီသည် Smile အာကာသယာဉ်ကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကြခြင်းဖြစ်ပြီး အဆိုပါအာကာသယာဉ်သည် ကမ္ဘာမြေ၏ သံလိုက်စက်ကွင်းနယ်မြေနှင့် နေ၏ စွမ်းအင်ဆောင် အမှုန်စီးကြောင်းများ ထိတွေ့ချိန်ပေါ်ပေါက်လာမည့် ဖြစ်စဉ်များကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများက အာကာသအမှိုက်အန္တရာယ်ကာကွယ်ရေးစနစ် တပ်ဆင်မှုအပါအဝင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့

**ပေကျင်း ဇန်နဝါရီ ၂၃**

တရုတ် အာကာသအေဂျင်စီ၏ ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများသည် ဇန်နဝါရီ ၂၁ ရက်တွင် တီယန်ကောင်းအာကာသစခန်းပြင်ပသို့ထွက်ခွာ၍ အာကာသအမှိုက်အန္တရာယ် ကာကွယ်ရေးစနစ် တပ်ဆင်မှုအပါအဝင် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ပြုလုပ်ခဲ့ကြကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး ကိုင်ရှုပ်ဟီနှင့် ဆောင်လင်တောင်းတို့၏ တီယန်ကောင်းအာကာသစခန်းပြင်ပထွက်ခွာချိန်မှာ ၈ ဒသမ ၅ မိနစ် ကြာမြင့်ခဲ့သည်။

အဆိုပါ တရုတ်အာကာသယာဉ်မှူး နှစ်ဦးသည် ၎င်းတို့၏ ခြောက်လကြာ မစ်ရှင်သက်တမ်းအတွင်း ဒုတိယအကြိမ်အဖြစ် တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး သုံးဦးအနက် တတိယမြောက် ယာဉ်မှူးဖြစ်သည့် ဝန်ဟိုကျိုက တီယန်ကောင်း အာကာသစခန်းအတွင်းမှတစ်ဆင့် ဇန်နဝါရီ ၂၁ ရက်မစ်ရှင်ကို ပံ့ပိုးပေးခဲ့သည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး ကိုင်ရှုပ်ဟီနှင့်ဆောင်လင်တောင်းတို့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက တီယန်ကောင်းအာကာသစခန်းပြင်ပသို့ ပထမဆုံးအကြိမ် ထွက်ခွာခဲ့ကြသည်။

ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး သုံးဦးသည် ခြောက်လကြာ မစ်ရှင်သက်တမ်းအတွက် တီယန်ကောင်း အာကာသစခန်းပေါ်သို့ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် စတင်ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## တရုတ်နိုင်ငံအခြေစိုက် ဂလက်စတစ်အင်နာဂျီကုမ္ပဏီက မိုးလေဝသဂြိုဟ်တု ငါးစင်းကို စီးရက်စ်-၁ ဒုံးပျံဖြင့် လွှတ်တင်ခဲ့

**ပေကျင်း ဇန်နဝါရီ ၂၃**

တရုတ်နိုင်ငံအခြေစိုက် ဂလက်စတစ်အင်နာဂျီ ကုမ္ပဏီသည် မိုးလေဝသဂြိုဟ်တု ငါးစင်းကို စီးရက်စ်-၁ ဒုံးပျံဖြင့် ဇန်နဝါရီ ၂၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

မိုးလေဝသဂြိုဟ်တု ငါးစင်း သယ်ဆောင်ထားသော စီးရက်စ်-၁ ဒုံးပျံကို တရုတ်အနောက်တောင်ပိုင်း ဂိုဘီသဲကန္တာရဒေသရှိ ချိကွမ်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် စီးရက်စ်-၁ ဒုံးပျံသည် သယ်ဆောင်သွားသည့် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သည်ဟု ဂလက်စတစ်အင်နာဂျီကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် တရုတ်ပုဂ္ဂလိက အာကာသနည်းပညာနယ်ပယ်၌ အောင်မြင်မှုရထားသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် လက်ရှိအချိန်ထိ စီးရက်စ်-၁ ဒုံးပျံမစ်ရှင် ၁၇ ခု လွှတ်တင်ခဲ့ရာ ၁၆ ခုမှာ အောင်မြင်သော မစ်ရှင်များဖြစ်ကြသည်။

ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် ပါးလက်စ်-၁ အမည်ရှိ လောင်စာရည်သုံး ဒုံးပျံသစ်ကိုလည်း ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အကြားအာရုံဆုံးရှုံးမှုက ပါကင်ဆန်ရောဂါ ဖြစ်နိုင်ခြေ မြင့်တက်နိုင်မှုနှင့်ဆက်စပ်နေ

**လန်ဒန် ဇန်နဝါရီ ၂၃**

အကြားအာရုံ ဆုံးရှုံးမှုသည် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုနှင့် ဆက်စပ်မှုရှိနေကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ လန်ကတ်စတာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အကြားအာရုံကို ၁၀ ဒက်ဆီဘယ်ထိ ဆုံးရှုံးတိုင်း ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမှာလည်း ၅၇ ရာခိုင်နှုန်း မြင့်တက်လာတတ်ကြောင်း သိရသည်။

ပုံမှန်လူများအနေဖြင့် ဒက်ဆီဘယ် ၂၀ နှင့် အထက်ရှိသည့်အသံများကိုကြားနိုင်ပြီး ဒက်ဆီဘယ် ၂၁ နှင့် ၄၀ ကြား အသံများကို မကြားနိုင်ပါက အပျော့စားအကြားအာရုံချို့ယွင်းမှုအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် ၄၁ ဒက်ဆီဘယ်နှင့် ၇၀ ဒက်ဆီဘယ်ကြားရှိ အသံများကိုမကြားရပါက အထိုက်အလျောက်ပြင်းထန်အကြားအာရုံ ချို့ယွင်းမှု၊ ဒက်ဆီဘယ် ၉၀ အထက် အသံများကို မကြားရပါက ပြင်းထန်သော အကြားအာရုံချို့ယွင်းမှုအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၆၉ နှစ်ကြားရှိသူ လူပေါင်း ၁၅၀၀၀၀ ကျော်၏ အချက်အလက်များကို လေ့လာခဲ့ရာ အကြားအာရုံ ၁၀ ဒက်ဆီဘယ်ဆုံးရှုံးတိုင်း ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ၅၇ ရာခိုင်နှုန်း မြင့်တက်လာတတ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

သို့ရာတွင် အကြားအာရုံဆုံးရှုံးမှုနှင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Carbonated Water သောက်သုံးမှုက ကိုယ်အလေးချိန်လျှော့ချရာတွင် အထောက်အကူပြု

**တိုကျို ဇန်နဝါရီ ၂၃**

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ဖြည့်သွင်းထားသည့်ရေ (Carbonated Water) ကို သောက်သုံးမှုသည် ကိုယ်အလေးချိန်ကို လျှော့ချရာတွင် အထောက်အကူပြုကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထည့်သွင်းထားသည့်ရေများသည် သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို လျှော့ချပေးနိုင်သကဲ့သို့ ဆဲလ်များ၏ ဇီဝဓာတုပြောင်းလဲမှုများကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း ဂျပန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Carbonated Water များတွင် ပါဝင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို အစာအိမ်က လျင်မြန်စွာစုပ်ယူ၍ သွေးနီဆဲလ်များအတွင်းရှိ ဘိုင်ကာဗွန်နိတ်ဓာတုဒြပ်ပေါင်းများအဖြစ် ပြောင်းလဲပေးတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထိုဖြစ်စဉ်အတွင်း လူ့ကိုယ်တွင်းရှိသကြားဓာတ်အဆင့်လည်း ကျဆင်းသွားတတ်ရာ ကိုယ်အလေးချိန်လျှော့ကျရေးအတွက် သွယ်ဝိုက်သော နည်းအားဖြင့် အကျိုးပြုနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# MFF Vita Max Futsal League I ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Vita Max Futsal League I ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

MFF Vita Max Futsal League I ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီက SGF FC အသင်းနှင့် MH Dream Team အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ MH Dream Team အသင်းက ၁၀ဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲက MIU FC အသင်းနှင့် Futsal Chit Thu FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ MIU FC အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီက Generations FC အသင်းနှင့် Winner Soccer FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Generations FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲက VUC FC အသင်းနှင့် YCDC Marga FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ VUC FC အသင်းက ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ ညနေ ၃နာရီက YRG FC အသင်းနှင့် M2K FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ YRG FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

MFF Vita Max Futsal League I ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များအပြီးတွင် MIU FC အသင်းက ရမှတ် ၁၈မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိနေပြီး MH Dream Teamအသင်းကလည်း ရမှတ် ၁၄မှတ်ဖြင့် အဆင့်(၂)နေရာမှ ဆက်လက်ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

STA

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျန်နစ်ခ်ဆင်နာတက်ရောက်



မဲလ်ဘုန်း ဇန်နဝါရီ ၂၃

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဩစတြေးလျတင်းနစ်ကစားသမား အဲလက်စ်ဒီမီနေ့ာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၃ ၊ ၆-၂ ၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာအနေဖြင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရသွားသည်ထိ ချန်ပီယံလက်စွမ်းမျိုးပြသထားနိုင်ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။

ကွာတားဖိုင်နယ် အဆင့်တွင် အိမ်ကွင်းပရိသတ်များက အဲလက်စ်ဒီမီနေ့ာကို တစ်ခဲနက်အားပေးခဲ့ကြသလို အိမ်ကွင်းပရိသတ်များ၏ အားပေးမှုကြောင့် အကောင်းဆုံး ကြိုးစားခဲ့သော်လည်း ဂျန်နစ်ခ်ဆင်နာက အမှားအယွင်းမရှိဘဲ ကစားသွားနိုင်ခဲ့သည့်အတွက် ရလဒ်မှာပြတ်သားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "ကွာတားဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့ ပုံစံဟာ ကျွန်တော်ပြင်ဆင်ထားတဲ့ အတိုင်းပါပဲ။ ကစားရတာလဲ သက်သောင့်သက်သာရှိတယ်။ ပွဲကို စောစောဖြတ်နိုင်ခဲ့လို့လဲ ပွဲပန်းတာမျိုးမရှိခဲ့ပါဘူး။ ဆီမီးဖိုင်နယ် အဆင့်အတွက်လဲ အကောင်းဆုံး ပြင်ဆင်သွားမယ်" ဟု ပြောကြားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား ရှယ်လ်တန်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့်သို့ အာဆင်နယ်အသင်းတက်ရောက်



လန်ဒန် ဇန်နဝါရီ ၂၃

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒိုင်နမိုဇာဂရက်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သောကြောင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ဖြင့် အဆင့် (၁)မှ လီဗာပူးအသင်းနှင့် ရမှတ်ငါးမှတ်၊ အဆင့် (၂) မှ ဘာစီလိုနာအသင်းနှင့် ရမှတ်နှစ်မှတ်သာ ကွာဟခဲ့ပြီး လက်ကျန်ပွဲစဉ် ကစားရန်ကျန်ရှိချိန်တွင် တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့်ကစားနိုင်ခဲ့ပြီး ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုပြုလုပ်နိုင်ခဲ့သဖြင့် ပွဲချိန်နှစ်မိနစ်တွင် ဒီကလန်ရိုက်၊ ပွဲကစားချိန် ၆၆ မိနစ်တွင် ကိုင်ဟာဗက်၊ ပွဲကစားချိန် မိနစ် ၉၀ ကျော်တွင် အိုဒီဂတ်တို့က ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ဒိုင်နမိုဇာဂရက်အသင်း ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ အာဆင်နယ်အသင်းက အနိုင်ရခဲ့ပြီး ၁၆ သင်းအဆင့် တက်ရောက်ခဲ့သည်။

ချန်ပီယံလိဂ်ခုနစ်ပွဲကစားအပြီးတွင် လီဗာပူးအသင်းက ခုနစ်ပွဲစလုံးအနိုင်ရခဲ့သဖြင့် အဆင့် (၁)၊ ဘာစီလိုနာအသင်းက ရမှတ် ၁၈ မှတ်ဖြင့် အဆင့် (၂)၊ အာဆင်နယ်အသင်းက ရမှတ် ၁၆ မှတ်ဖြင့် အဆင့် (၃) နေရာ တွင်ရပ်တည်နိုင်ခဲ့ပြီး ၂၆ သင်းအဆင့် တိုက်ရိုက်တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# နော်တင်ဟမ်အသင်းက ခရစ်ဝုဒ်ကို နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

လန်ဒန် ဇန်နဝါရီ ၂၃

နော်တင်ဟမ် အသင်းသည် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် တိုက်စစ်မှူးခရစ်ဝုဒ်ကို စာချုပ်သက်တမ်းနှစ်နှစ်တိုးနိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ခရစ်ဝုဒ်သည် ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးပွဲ ၂၂ ပွဲ၌ သွင်းဂိုး ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး အသင်းကို အမှတ်ပေးဇယား အဆင့် (၃) နေရာသို့ ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက သက်တမ်းနှစ်နှစ်တိုးခဲ့ကာ ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ခရစ်ဝုဒ်ကို အမေရိကန် မေဂျာလိဂ်ကလပ်အသင်းများနှင့် ဆော်ဒီကလပ်အသင်းများက မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းသော်လည်း ၎င်းကနည်းပြဆန်းတို့စ်နှင့်သာ လက်တွဲရန်ဆုံးဖြတ်ခဲ့သူဖြစ်ပြီး နယူးဇီလန်အသင်းတွင်လည်း စတုတ္ထမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။

ခရစ်ဝုဒ်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက နယူးကာဆယ်အသင်းမှ နော်တင်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ရာ ပြိုင်ပွဲစုံခုနစ်ပွဲတွင် သွင်းဂိုး တစ်ဂိုးသာ သွင်းယူခဲ့သော်လည်း ယခုနှစ်တွင် အပြီးသတ်ခေါ်ယူပြီးနောက် ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကို ဇန်နဝါရီ ၂၄ ရက်မှ ၂၈ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပသွားမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကို ဇန်နဝါရီ ၂၄ ရက်မှစတင်ပြီး ၂၈ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၆)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၅ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၄၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၃၇မှတ်ဖြင့် အဆင့်(၂)နှင့် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၃၅ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၃)နေရာမှ ဖိအားပေးလျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၂၄ ရက် ညနေ ၃နာရီခွဲတွင် YUSC အားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ISPE အသင်း၊ ညနေ၄နာရီတွင်သုဝဏ္ဏအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ရှောဝတီယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၂၅ ရက် ညနေ ၄နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၂၇ ရက် ညနေ ၄နာရီတွင်သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားအသင်း၊ ဇန်နဝါရီ ၂၈ ရက် ညနေ၄နာရီတွင်သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့်ဟံသာဝတီယူနိုက်တက်အသင်းတို့ အသီးသီးကစားသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၆)အပြီး သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် မဟာယူနိုက်တက်အသင်းမှ ပက်ထရစ်က ၁၀ဂိုးဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေပြီး ၎င်း၏နောက်တွင် ဟံသာဝတီ ယူနိုက်တက်အသင်းမှ အောင်မြတ်သူ၊ ဒဂုံစတားအသင်းအတွက် ဆွမ်လမန်၊ ISPEအသင်းမှ သိန်းဇော်သီဟနှင့် ရန်ကုန်ယူနိုက်တက်အသင်းမှ ရန်ကျော်ထွေးတို့က ကိုးဂိုးစီဖြင့် ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

STA

# ဆက်ကို ကို လက်ရှိဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်မဟုတ်ဟု လိုက်ပ်ဇစ်အသင်းအတည်ပြု



**ဘာလင် ဇန်နဝါရီ ၂၃**

ပရီးမီးယားလိဂ် ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် ပစ်မှတ်ထားခံနေရသည့် ဆက်ကိုကို လက်ရှိဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်မဟုတ်ဘဲ ရာသီအကုန်မှသာ ရောင်းချရန်အတွက် ဆုံးဖြတ်သွားမည်ဟု လိုက်ပ်ဇစ်အသင်းက အတည်ပြုခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ ဆက်ကိုသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ဆဲလ်ဘတ်အသင်းမှ လိုက်ပ်ဇစ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလကတည်းက ဆက်ကိုအား အာဆင်နယ်အသင်းက ခေါ်ယူရန်အတွက် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ ဆက်ကိုက လိုက်ပ်ဇစ်အသင်းနှင့်သာ သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့သည်။

အာဆင်နယ် အသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် ဒဏ်ရာရကစားသမားများကြောင့် အသင်းတိုက်စစ်ပိုင်းတွင် လိုအပ်ချက်များစွာရှိနေသည့်အတွက် လက်ကျန်ဘောလုံးရာသီများတွင် လီဗာပူးအသင်းကို ဆက်လက်ဖိအားပေးကစားနိုင်ရန် တိုက်စစ်ကစားသမား လိုအပ်နေသောကြောင့် ဆက်ကိုအား ဆက်လက်ခေါ်ယူရန်အတွက် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

အာဆင်နယ်အသင်းက ဆက်ကိုအား ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း လိုက်ပ်ဇစ်အသင်းက လက်ရှိ ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် ရောင်းချသွားမည်မဟုတ်ဘဲ ရာသီအကုန်မှသာ ပြောင်းရွှေ့ကြေးယူရို သန်း ၇၀ရရှိမှသာ စဉ်းစားသွားမည်ဟု နည်းပြ ရိုဆဲလ်ကိုယ်တိုင်က အတည်ပြုထားခြင်းဖြစ်သည်။

ဆက်ကိုသည် ယခုနှစ်ဘောလုံးရာသီတွင် လိုက်ပ်ဇစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသူဖြစ်ပြီး ပြိုင်ပွဲစုံ ၂၆ပွဲ ကစားပြီးချိန်တွင် ၁၄ ဂိုးသွင်းယူနိုင်ခဲ့ကာ သုံးကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဆွီဒင်ကစားသမားလက်ဗစ်အဘာက် ဦးဆောင်

**ဆန်ဒီယေဂို ဇန်နဝါရီ ၂၃**

အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုမြို့တွင် ကျင်းနေသည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဆွီဒင်ဂေါက်သီးရိုက် ကစားသမား လက်ဗစ်အဘာက်က သတ်မှတ်ရိုက်ချက်ထက်ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဒန်နီဝေါကာနှင့် စပရင်ဂါတို့က သတ်မှတ်ရိုက်ချက်ထက်ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဇက်ဂျွန်ဆင်အပါအဝင် ပြိုင်ပွဲဝင်လေးဦးက သတ်မှတ်ရိုက်ချက်ထက်ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

လက်ဗစ်အဘာက်သည် ပထမငါးကျင်းကစားအပြီးတွင် Birdies ရိုက်ချက် လေးကျင်းထိ ရရှိထားခဲ့ပြီး အစကောင်းခဲ့သည်။



လက်ဗစ်အဘာက်က “ပထမနေ့မှာရိုက်ချက်တွေက အရမ်းကိုအဆင်ပြေခဲ့တယ်။ ကျွန်တော်လိုချင်တဲ့ပုံစံအတိုင်းကစားနိုင်ခဲ့သလို ဂေါက်သီးကိုလဲ ကျွန်တော်လိုသလို ထိန်းချုပ်နိုင်ခဲ့တယ်။ အထူးသဖြင့် Swing ရိုက်ချက်တွေတော်တော်လေး ကောင်းခဲ့ပါတယ်။ ဂေါက်သီးရိုက်ပြိုင်ပွဲမှာက Swing ရိုက်ချက်တွေသာ ကောင်းမယ်ဆိုရင် ရလဒ်ကောင်းဖို့ ပိုပြီးတော့လွယ်ကူပါတယ်။ ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်ထားနိုင်တဲ့အတွက် ဒုတိယနေ့အတွက် စိတ်ခံစားပိုင်းဆိုင်ရာမှာ တော်တော်လေးအဆင်ပြေနေပါတယ်။ ဒုတိယနေ့မှာလဲ ရလဒ်ကောင်းရအောင် ကြိုးစားသွားပါမယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# မန်ယူအသင်း၏ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီး အစ်ဗှစ်အသင်းသို့သာ ပြောင်းရွှေ့ကစားရန် အန်စီဆိုဆုံးဖြတ်

**လန်ဒန် ဇန်နဝါရီ ၂၃**

ဘရိုက်တန်အသင်း တောင်ပံကစားသမားအန်စီဆိုသည် မန်ယူအသင်း၏ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီး အစ်ဗှစ်အသင်းသို့သာ ပြောင်းရွှေ့ကစားရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ အန်စီဆိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘရိုက်တန် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ရာသီအကုန်တွင် ဒူးဒဏ်ရာကြောင့်ခြောက်လခန့်ထိ အနားယူခဲ့ရပြီးနောက် ဒဏ်ရာမှ ပြန်လည်သက်သာ လာခဲ့သော်လည်း အသင်းတွင် ပွဲကစားခွင့်နည်းပါးနေသည့်အတွက် လက်ရှိဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ဘရိုက်တန်အသင်းမှထွက်ခွာရန်ကြိုးပမ်းနေသည့် အန်စီဆိုကို အစ်ဗှစ်အသင်းက အစောပိုင်းကတည်းက ကမ်းလှမ်းမှုများ ပြုလုပ်ထားပြီး မန်ယူအသင်းက ရာသီကုန်ထိ အငှားစာချုပ်ဖြင့် ကြားဖြတ်ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း အန်စီဆိုကိုယ်တိုင်က မန်ယူအသင်း၏ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီး အစ်ဗှစ်အသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် အသင်းမှ လူငယ်တောင်ပံကစားသမားဂါနာချိုအနေဖြင့် အနာဂတ်မရေမရာဖြစ်နေပြီး ချဲလ်ဆီးအသင်းနှင့် နာပိုလီအသင်းတို့မှ တစ်သင်းသို့ ပြောင်းရွှေ့ကစားဖွယ် ရှိနေသောကြောင့် အသင်းတောင်ပံတိုက်စစ်နေရာအတွက် အန်စီဆိုကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်များ

STA

## လီဗာပူး Vs အစ်ဗှစ်

ကစားမည့်ရက်/အချိန် ၂၅-၁-၂၀၂၅ (ည ၀၉:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အစ်ဗှစ် ၀ – ၂ လီဗာပူး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | – | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |
| အစ်ဗှစ် | – | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(ရှုံး) |

အစ်ဗှစ်အသင်းဟာ တန်းဆင်းဇုန်ထဲရောက်နေလို့ ရုန်းကန်နေရပြီး အခုပွဲစဉ်မှာလဲ လီဗာပူးအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ လက်ရှိလီဗာပူးအသင်းရဲ့ခြေစွမ်းပိုင်းကလဲ အကောင်းဆုံးပုံစံမှာရှိနေလို့ အစ်ဗှစ်အသင်းကို အကောင်းဆုံးဖိအားပေးနိုင်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လီဗာပူးအသင်းပဲ အနိုင်ရယူမှာပါ။

ခန့်မှန်းရလဒ် – လီဗာပူး ၃ – ၁ အစ်ဗှစ်

## ဘရိုက်တန် Vs အဲဗာတန်

ကစားမည့်ရက်/အချိန် ၂၅-၁-၂၀၂၅ (ည ၀၉:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အဲဗာတန် ၀ – ၃ ဘရိုက်တန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | – | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| အဲဗာတန် | – | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(နိုင်) |

သုံးပွဲဆက်အနိုင်ရရှိထားတဲ့ ဘရိုက်တန်အသင်းရဲ့ ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ အဲဗာတန်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာရလဒ်ပိုင်း ပြန်လည်ကောင်းမွန်လာပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့်အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဘရိုက်တန်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် – ဘရိုက်တန် ၂ – ၁ အဲဗာတန်

# စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

STA

## အေတီကို Vs ဗီလာရီးရဲလ်

ကစားမည့်ရက်/အချိန် ၂၅-၁-၂၀၂၅ (ည ၀၉:၄၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဗီလာရီးရဲလ် ၂ – ၂ အေတီကို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေတီကို | – | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ဗီလာရီးရဲလ် | – | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးနိမ့်ခဲ့တဲ့ အေတီကိုအသင်းအတွက် အမှတ်ပေးဇယားထိပ်ဆုံးက ဖယ်ပေးခဲ့ရလို့ အခုပွဲစဉ်ကိုတော့ အမှားခံမှာမဟုတ်ပါဘူး။ ဗီလာရီးရဲလ်အသင်းကလဲ ရလဒ်ပိုင်းပြန်လည်ကောင်းမွန်တယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ အေတီကိုအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ခန့်မှန်းရလဒ် – အေတီကို ၃ – ၂ ဗီလာရီးရဲလ်

# ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ ပွဲစဉ် (၁၉) ပွဲကြိုသုံးသပ်ချက်

STA

## ဖရိုင်းဘတ် Vs ဘိုင်ယန်မြူးနစ်

ကစားမည့်ရက်/အချိန် ၂၅-၁-၂၀၂၅ (ည ၀၉:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘိုင်ယန်မြူးနစ် ၂ – ၀ ဖရိုင်းဘတ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | – | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| ဘိုင်ယန်မြူးနစ် | – | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

နှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ ဖရိုင်းဘတ်အသင်းရဲ့ ခြေစွမ်းပိုင်းကကျဆင်းနေလို့ ဘိုင်ယန်မြူးနစ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ခက်ခဲမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းကလဲ အဆင့်(၂)နေရာက လေဗာကူဆင်အသင်းရဲ့ ရမှတ်ကွာဟမှုသိပ်မရှိလို့ အမှားခံလို့မဖြစ်ပါဘူး။ ဒါ့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် – ဖရိုင်းဘတ် ၁ – ၃ ဘိုင်ယန်မြူးနစ်

# မက်ဖော်မင်ဆေးဖြင့် ကိုယ်အလေးချိန်လျှော့ကျစေခြင်း

ဒေါက်တာကျော်စွာထွန်း(ဆေးဝါးဗေဒ)

ဆီးချိုသွေးချိုရောဂါကိုကုသရာတွင် အသုံးပြုကြသည့် မက်ဖော်မင် (Metformin) ဆေးသည် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးခြင်းအပြင် ကိုယ်ခန္ဓာပေါ်တွင် အခြားသော အကျိုးသက်ရောက်မှုများကိုလည်း ဖြစ်စေနိုင်သည်။ မက်ဖော်မင်သည် ပိုနေသော ကိုယ်အလေးချိန်ကို လျှော့ကျစေနိုင်ခြင်းပင်ဖြစ်သည်။ အကယ်၍ ဆီးချိုသွေးချိုရောဂါကြောင့် မက်ဖော်မင်ဆေးကို သောက်နေရသူဖြစ်ပါက ထိုဆေးကြောင့်ဖြစ်ရသည့် ဘေးထွက်ဆိုးကျိုးများဖြစ်သော ဗိုက်နာခြင်း၊ ဝမ်းပျက်ခြင်း၊ ကြွက်သားများနာကျင်ခြင်းနှင့် ငိုက်မျဉ်းခြင်း စသည်တို့ကိုခံစားရနိုင်သည်။ ၎င်းဆိုးကျိုးများဖြစ်သော မက်ဖော်မင်၏ ဘေးထွက်ဆိုးကျိုးအာနိသင်သည် ကိုယ်အလေးချိန်ကျဆင်းခြင်းကို အထောက်အကူပြုနိုင်သည်။

မက်ဖော်မင်ဆေးကို ကိုယ်အလေးချိန်လျှော့ကျစေနိုင်သည့် ဆေးဝါးတစ်မျိုးအဖြစ် ထုတ်လုပ်ခဲ့ကြခြင်းမဟုတ်သော်လည်း သုတေသနပညာရှင်များက မက်ဖော်မင်ဆေးနှင့် ကိုယ်အလေးချိန်လျှော့ကျခြင်းတို့ ဆက်စပ်နေကြောင်းကို တွေ့ရှိခဲ့ကြသည်။ သုတေသနများအရ မက်ဖော်မင်ဆေးဝါးသည် အဝလွန်သူများတွင် ကိုယ်အလေးချိန်လျှော့ချရန် ကုထုံးတစ်ရပ်အနေဖြင့် အသုံးပြုနိုင်သည့်ဆေးတစ်မျိုးဖြစ်ကြောင်းကို ဖော်ထုတ်ပြသခဲ့ကြသည်။

**မက်ဖော်မင်ဆေးဆိုတာ ဘာလဲ၊ ဘယ်လို အလုပ်လုပ်သလဲ**

မက်ဖော်မင်ဆေးဆိုသည်မှာ အမျိုးအစားနှစ် ဆီးချိုသွေးချိုရောဂါကို ကုသရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနများက ခွင့်ပြုပေးထားလေ့ရှိသည့် ဆီးချိုသွေးချိုရောဂါ ကုသဆေးတစ်မျိုးဖြစ်သည်။ မက်ဖော်မင်ဆေးသည် အမျိုးအစားနှစ် ဆီးချိုသွေးချိုရောဂါကုသရာတွင် အသုံးပြုသည့် ပထမဦးစားပေး ဆေးဝါးတစ်မျိုးဖြစ်သည်။ ၎င်းသည် အသည်းမှသကြားဓာတ်ကို ထုတ်လုပ်မှုအားလျှော့ကျစေခြင်းဖြင့် အဓိကအလုပ်လုပ်သည်။ ထို့ပြင် ကြွက်သားများက ဂလူးကို့စ်ခေါ် သွေးတွင်းသကြားဓာတ်များကိုအသုံးပြု၍ စွမ်းအင်ထုတ်လုပ်ရာတွင် အင်ဆူလင်ဟော်မုန်း၏ လုပ်ဆောင်မှုကို ပိုမိုအားကောင်းစေရန် လှုံ့ဆော်ပေးနိုင်စွမ်းရှိသည်။ ဤနည်းအားဖြင့် မက်ဖော်မင်ဆေးသည် ခန္ဓာကိုယ်ဆဲလ်များ၏ အင်ဆူလင်ဟော်မုန်းတို့ လက်ခံဆောင်ရွက်နိုင်စွမ်းကို တိုးတက်ကောင်းမွန်လာစေသည်။ ဆီးချိုသွေးချိုရောဂါရှိသူများတွင် ခန္ဓာကိုယ်ဆဲလ်များက အင်ဆူလင်ဟော်မုန်းကို လက်ခံဆောင်ရွက်မှု လျော့ပါးနေလေ့ရှိသည်။ ထိုအချက်ကို မက်ဖော်မင်ဆေးက အထောက်အကူပြုစေသည်။

ဆီးချိုသွေးချိုရောဂါကို အမြစ်ပြတ်ပျောက်ကင်းစေရန်ကုသနိုင်သည့် ဆေးဝါးမရှိသေးသော်လည်း မှန်ကန်သောဆေးဝါးများ၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများကို ပေါင်းစပ်အသုံးပြုပါက သွေးတွင်းသကြားဓာတ်ပမာဏကို တည်ငြိမ်စေပြီး ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲရောဂါများဖြစ်သည့် နှလုံးရောဂါ၊ ကျောက်ကပ်ပျက်စီးခြင်း၊ အာရုံကြောများ ထုံကျင်ကိုက်ခဲခြင်း၊ မျက်စိအာရုံကြောထိခိုက်ခြင်းများဖြစ်ပွားမှုကို ကာကွယ်တားဆီးပေးနိုင်သည်။ ၂၀၁၉ ခုနှစ်တွင်ဖော်ပြခဲ့သည့် သုတေသနတစ်ခုအရဆိုလျှင် သေချာစွာကုသပါက အချို့သူများတွင် ဆီးချိုသွေးချိုရောဂါသည် ဆေးသောက်စရာမလိုဘဲ တိုးတက်ကောင်းမွန်သွားတတ်ကြောင်း တွေ့ရှိခဲ့ရသည်။

**မက်ဖော်မင်က ဘာကြောင့် ကိုယ်အလေးချိန်ကျစေတာလဲ**

မက်ဖော်မင်ဆေးသောက်ပါက ကိုယ်အလေးချိန်ကျစေနိုင်သည်ကို အတိအကျမသိရှိနိုင်ပါ။ သို့သော် ဖြစ်နိုင်ခြေရှိသည့် အကြောင်းရင်းများကို ဖော်ထုတ်ထားကြသည်။ ဥပမာအားဖြင့် မက်ဖော်မင်ဆေးသည် အစာစားချင်စိတ်ကို လျော့ပါးစေသည်။ ဆီးချိုသွေးချိုရောဂါရှိသူအမျိုးသမီး ၁၂ ယောက်ကို တစ်ဝက်စီခွဲပြီး တစ်ဘက်တွင်မက်ဖော်မင်ဆေး၊အခြားတစ်ဘက်တွင် ဆေးအတုများကို တစ်နေ့လျှင်သုံးကြိမ်သောက်စေခဲ့သည်။ ဆေးစသောက်သည်မှ သုံးရက်မြောက်သည့်နေ့တွင် ပါဝင်သူများ၏ အစာစားပုံကို စမ်းသပ်ကြည့်ရှုခဲ့ပြီး အစာမစားမီဆာလောင်သည့် အတိုင်းအတာကို တိုင်းတာကြည့်ခဲ့ကြသည်။

**❖သုတေသနများအရ မက်ဖော်မင်ဆေးကို တစ်နှစ်ခန့်သောက်ပါက ပျမ်းမျှအားဖြင့် ကိုယ်အလေးချိန် ခြောက်ပေါင်ခန့်ကျစေနိုင်ကြောင်းသိရှိရသည်။ မက်ဖော်မင်ဆေးသောက်ပြီး အစားအသောက်စားသုံးမှုကို မထိန်းသိမ်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ကို မပြုပြင်ပါကလည်း ကိုယ်အလေးချိန်ကျဆင်းလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် မက်ဖော်မင်ဆေးသောက်နေသည့် တစ်ချိန်တည်းမှာပင် ကျန်းမာရေးနှင့်ညီညွတ်စွာစားသုံးခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းများကို လုပ်ဆောင်မှသာ သင့်တင့်သောကိုယ်အလေးချိန် ကျဆင်းခြင်းကို ဖြစ်ပေါ်စေလိမ့်မည်။ ❖**

မက်ဖော်မင်ဆေးသောက်သုံးရသည့် အမျိုးသမီးများ၏ အစာစားချင်စိတ်သည် သိသိသာသာလျော့ကျသွားခဲ့ကြောင်း သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် မေလအတွင်း Diabetes Care ဂျာနယ်တွင်ဖော်ပြခဲ့သည့် သုတေသနတစ်ခုအရ စမ်းသပ်မှုတွင်ပါဝင်သူများသည် မက်ဖော်မင်ပမာဏပိုတိုးပြီးသောက်ပါက မက်ဖော်မင်ပမာဏမပြောင်းခဲ့သော သို့မဟုတ် လျှော့ချသောက်သုံးခဲ့သောပါဝင်သူများထက် ကိုယ်အလေးချိန်သိသာစွာကျဆင်းခဲ့ကြောင်းတွေ့ရှိခဲ့ရသည်။ အခြားသော သုတေသနများတွင်လည်း မက်ဖော်မင်ဆေးသောက်ပြီးနောက် ကိုယ်အလေးချိန်ကျဆင်းရခြင်းသည် ဦးနှောက်အတွင်းရှိဆာလောင်မှုကို လှုံ့ဆော်သည့်နေရာများတွင် ပြောင်းလဲမှုများဖြစ်စေခြင်း၊ အူလမ်းကြောင်းအတွင်းရှိ ဘက်တီးရီးယားများပုံစံပြောင်းလဲခြင်း၊ အသက်ကြီးလာ၍ ပြောင်းလဲလာသည့် ဇီဝကမ္မဖြစ်စဉ်များ ပြန်လည်နုပျိုကောင်းမွန်လာခြင်းတို့ကြောင့်ဖြစ်နိုင်ကြောင်း အကြံပြုဖော်ပြခဲ့ကြသည်။

မက်ဖော်မင်ဆေး၏ ကိုယ်အလေးချိန်ကျဆင်းစေနိုင်သော ခန္ဓာကိုယ်တွင်းလုပ်ဆောင်မှုများမှာ အစားအသောက်များထဲတွင်ပါဝင်သည့် ဂလူးကို့စ်များစုပ်ယူမှုကို လျော့ကျစေခြင်း၊ အစာကြေပျက်လွယ်သည့်အစားအစာများ သွေးတွင်းရောက်ရှိမှုကို နှေးကွေးစေခြင်း၊ အစာစားနေစဉ် ဗိုက်ပြည့်သည့်ခံစားချက်ကို လျင်မြန်စွာဖြစ်ပေါ်စေခြင်း၊ အစာစားချင်စိတ်ကို လျော့ပါးစေခြင်းနှင့် အင်ဆူလင်ဟော်မုန်း၏လုပ်ဆောင်မှုများကို အားကောင်းစေခြင်းတို့ဖြစ်သည်။ ၎င်းလုပ်ဆောင်မှုများကြောင့် ကိုယ်အလေးချိန်ကျဆင်းခြင်းဖြစ်နိုင်သကဲ့သို့ အခြားအကြောင်းရင်းတစ်ခုလည်းရှိသေးသည်။ မက်ဖော်မင်ဆေးသောက်သူများ အဓိကခံစားရလေ့ရှိသည့် ဘေးထွက်ဆိုးကျိုးတစ်မျိုးမှာ ပျို့ခြင်း၊ အန်ခြင်းနှင့် ဝမ်းသွားခြင်းတို့ဖြစ်ပြီး ဆေးသောက်သူများ၏ နှစ်ရာခိုင်နှုန်း မှ ၆၃ ရာခိုင်နှုန်းထိခံစားရလေ့ရှိသည်။ ထိုသို့ဖြစ်ပွားမှုမှာ ဆိုးရွားပါက အစာစားချင်စိတ်လျော့ပါးပြီး ကိုယ်တွင်းသို့ဝင်ရောက်သည့် ကယ်လိုရီပမာဏလည်း နည်းပါးသွားလေ့ရှိသည့်အခါ ကိုယ်အလေးချိန်ကျဆင်းလာတတ်သည်။

**မက်ဖော်မင်ကြောင့် ကိုယ်အလေးချိန်ကျတာ ဟာ တာရှည်ခံသလား**

မက်ဖော်မင်ဆေးသည် ကိုယ်အလေးချိန်ကျစေနိုင်သည်ဆိုသော်လည်း အများကြီးမကျစေနိုင်ကြောင်းသတိပြုရမည်။ သုတေသနများအရ မက်ဖော်မင်ဆေးကို တစ်နှစ်ခန့်သောက်ပါက ပျမ်းမျှအားဖြင့် ကိုယ်အလေးချိန်ခြောက်ပေါင်ခန့်ကျစေနိုင်ကြောင်း သိရှိရသည်။ မက်ဖော်မင်ဆေးသောက်ပြီး အစားအသောက်စားသုံးမှုကို မထိန်းသိမ်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့ကို မပြုပြင်ပါကလည်း ကိုယ်အလေးချိန်ကျဆင်းလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် မက်ဖော်မင်ဆေးသောက်နေသည့်တစ်ချိန်တည်းမှာပင် ကျန်းမာရေးနှင့်ညီညွတ်စွာစားသုံးခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းများကိုလည်း လုပ်ဆောင်မှသာ သင့်တင့်သောကိုယ်အလေးချိန်ကျဆင်းခြင်းကို ဖြစ်ပေါ်စေလိမ့်မည်။ ထို့ပြင် ဆေးသောက်မှုကိုရပ်တန့်လိုက်ပြီး ပုံမှန်အတိုင်း ပြန်စားပါကလည်း ကိုယ်အလေးချိန် ပြန်တက်လာမည်ဖြစ်သည်ကိုသတိပြုရမည်။ သို့သော် ၂၀၁၉ ခုနှစ် မေလက Annals of Internal Medicine ဂျာနယ်တွင်ဖော်ပြခဲ့သည့် လေ့လာမှုတစ်ခုအရ ဆီးချိုသွေးချိုရောဂါကာကွယ်ရေး အစီအစဉ်တွင် ပါဝင်ခဲ့ကြသူများသည် မက်ဖော်မင်ဆေးသောက်ပြီး ကိုယ်အလေးချိန် ငါးရာခိုင်နှုန်းလျှော့ကျခဲ့ပြီး မက်ဖော်မင်ဆေး မသောက်သူအုပ်စုများနှင့် နှိုင်းယှဉ်ပါက ကိုယ်အလေးချိန်လျှော့ကျမှုကို တာရှည်ထိန်းသိမ်းသွားနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။

**ဆီးချိုသွေးချို ရောဂါမရှိသော်လည်း မက်ဖော်မင်ကို သောက်လို့ရသလား**

ဆီးချိုသွေးချိုရောဂါ မရှိသူများသည်လည်း ကိုယ်အလေးချိန်ကျဆင်းလိုသည့် ရည်ရွယ်ချက်ဖြင့် မက်ဖော်မင်ဆေးကို သောက်သင့်လားဟု မေးလာကြသော် "သောက်လို့ရပါသည်" ဟုသာ အတိုဆုံး ဖြေကြားရပါလိမ့်မည်။ အချို့သောဆေးပညာရှင်များက မက်ဖော်မင်ဆေးကို ဆီးချိုသွေးချိုရောဂါမရှိသူများတွင် ကိုယ်အလေးချိန်လျှော့ချရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုလျက်ရှိကြသည်။ ထိုသို့ အသုံးပြုမှုမှာ တရားဝင်ခွင့်ပြုထားသည့် အသုံးချခြင်းမျိုးမဟုတ်ဘဲ ကောင်းသောဘေးထွက်အာနိသင်ကို အခြားနည်းဖြင့် အသုံးချခြင်းသာဖြစ်သည်ကို သိရှိထားရန်လိုအပ်သည်။ လေ့လာမှုတစ်ခုတွင် ဆီးချိုသွေးချိုရောဂါမရှိသည့် အဝလွန်နေသူများတွင် မက်ဖော်မင်ဆေးသောက်ခြင်းသည် BMI ကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်းဖော်ပြခဲ့သည်။

**သောက်သင့်သည့် ပမာဏ**

ကိုယ်အလေးချိန်လျှော့ကျစေနိုင်သည့် မက်ဖော်မင်ဆေးပမာဏမှာ တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ပါ။ မက်ဖော်မင်ဆေးကို ဆီးချိုသွေးချိုကုသရာတွင် တစ်နေ့လျှင်အများဆုံး ၂၅၀၀ မီလီဂရမ် (၅၀၀ မီလီဂရမ်ဆေးငါးပြား)ထိ ပေးတတ်ကြသည်။ ကိုယ်အလေးချိန်လျှော့ကျစေသည့်ပမာဏမှာလည်း ထိုနီးနီးခန့်ရှိကြောင်း သုတေသနများအရ တွေ့ရှိရသည်။ အချို့သောသုတေသနများတွင်လည်း ဆီးချိုသွေးချိုရောဂါမရှိပါက ၁၀၀၀ မီလီဂရမ် မှ ၁၅၀၀ မီလီဂရမ် (၅၀၀ မီလီဂရမ်နှစ် ပြားမှ သုံးပြား) သောက်ပေးလျှင် ကိုယ်အလေးချိန်ကျဆင်းစေသည်ဟု ဆိုကြသည်။ မည်သို့ဆိုစေ မက်ဖော်မင်ဆေးကို သောက်သုံးမည်ဆိုပါက အနည်းဆုံးပမာဏမှစသောက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တိုးသောက်ကြရမည်ဖြစ်သည်။ သို့မဟုတ်ပါက ပျို့ခြင်း၊ အန်ခြင်း၊ ဝမ်းပျက်ခြင်း စသည့် ဘေးထွက်ဆိုးကျိုးများကို ရုတ်တရက် ခံစားကြရလေ့ရှိသည်။ ထို့ကြောင့် မက်ဖော်မင်ဆေးသောက်ရန်ဆုံးဖြတ်ပါက ဆရာဝန်နှင့်တိုင်ပင်ပြီး အနည်းဆုံးပမာဏမှ စတင်ပြီး မိမိနှင့်သင့်တင့်သည့် ပမာဏထိတိုး၍ သောက်သင့်သည်။

**မက်ဖော်မင်ဆေးနှင့် ကိုယ်အလေးချိန်လျှော့ကျခြင်း**

အဝလွန်သူများတွင် သွေးတွင်းသကြားဓာတ်ပမာဏမြင့်တက်နေလေ့ရှိပြီး ဆီးချိုသွေးချိုရောဂါ အဆင့်ထိမရောက်သေးသော်လည်း အကြိုဆီးချိုသွေးချိုရောဂါဟူသည့် အခြေအနေရှိနေတတ်သည်။ ထိုသူများတွင် အစားအသောက်ကို ဆင်ခြင်ခြင်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းအပြင် မက်ဖော်မင်ဆေးကိုလည်း သောက်သုံးလေ့ရှိတတ်သည်။ အဘယ်ကြောင့်ဆိုသော် မက်ဖော်မင်ဆေးသည် ဆီးချိုသွေးချိုကုသဆေးများတွင် အများဆုံးဖြစ်စေတတ်သည့် သွေးတွင်းသကြားဓာတ် ရုတ်တရက်ကျဆင်းခြင်းဖြစ်မှုအနည်းဆုံး ဆေးဝါးတစ်မျိုးဖြစ်ခြင်းကြောင့်ဖြစ်သည်။ တွေ့ရှိချက်များအရ သွေးတွင်းသကြားဓာတ်ပမာဏ ပုံမှန်အနေအထားရောက်ပါက မက်ဖော်မင်ဆေးသည် ထပ်မံကျဆင်းခြင်းမရှိဟု ဆိုထားသည်။

အားလုံးခြုံကြည့်ပါက ဆီးချိုသွေးချိုရောဂါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မက်ဖော်မင်ဆေးသောက်ပါက ကိုယ်အလေးချိန်ကို အတိုင်းအတာတစ်ခုထိ လျှော့ကျစေနိုင်သည်။ ကိုယ်အလေးချိန်လျှော့ကျလိုလျှင် အဓိကဆောင်ရွက်ရမည်မှာ အစားအသောက်ပုံစံပြောင်းလဲခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ပင်ဖြစ်သည်။ မက်ဖော်မင်ဆေးသောက်ခြင်းသည် ၎င်းလုပ်ဆောင်မှုများ၏ ထိရောက်မှုကို မြှင့်တင်ရန် ဆောင်ရွက်ခြင်းသာဖြစ်သည်။ ထို့ပြင် မက်ဖော်မင်ဆေးသည် အခြားသောဘေးထွက်ဆိုးကျိုးများကိုလည်းဖြစ်စေနိုင်သည့်အပြင် မသောက်သုံးသင့်သောအခြေအနေများလည်း ရှိနေသေးသည့်အတွက် ကိုယ်အလေးချိန်လျှော့ချရာတွင် မက်ဖော်မင်ဆေးကို သောက်ရန်ဆုံးဖြတ်ထားပါက ကျွမ်းကျင်သည့်ဆေးပညာရှင်များနှင့် တိုင်ပင်ဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

**–medicalnewstoday.com, mayoclinic.org, headline.com**

# အသက်လျှော့ကြေး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲ ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၃

မင်းသားကြီးရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် အသက်လျှော့ကြေး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲကို ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံစေတီတော်၌ကျင်းပပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် နိုင်လူက ပြောပြ၍ သိရသည်။

အသက်လျှော့ကြေး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရန်နိုင်ထွန်းက ရေးသားထားပြီး ဒါရိုက်တာ ကျော်ဇ က မင်းသားကြီးရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်ရေးအတွက် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ကိုသန့်ဇော် (မင်းသားကြီး)နဲ့ ကိုရှမ်းလေး (လွိုင်လင်)တို့က စီစဉ်ညွှန်ကြားပြီးတော့ ဒါရိုက်တာ ကျော်ဇက ရိုက်ကူးမဲ့ အက်ရှင်ဒရာမာအမျိုးအစား ဇာတ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ သရုပ်ဆောင် သီဟတင်စိုးနဲ့ ဇင်မာဦးတို့ရဲ့သားဖြစ်တဲ့ စစ်နိုင်သီဟဦးလဲ ပါဝင်မှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် နိုင်လူက ပြောပြသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် ခိုင်မြဲ မင်းသားကြီး၊ မင်းသုု၊ စစ်နိုင်သီဟဦး၊ အောင်ဇော်မင်း၊ နိုင်လူ၊ ဝေဦး၊ အောင်ထိုက်ဦး၊ မေဇွန်ထက်၊ အိမ့်ခြူးပွင့်၊ မျိုးမမ၊ ဆောင်းနှင်းဦးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Skydance ၏ The Traveler ဇာတ်ကားကို ဒါရိုက်တာ လီအိုင်ဆက်ချောင်း ရိုက်ကူးမည်

နယူးယောက် ဇန်နဝါရီ ၂၃

The Traveler အမည်ရှိ သိပ္ပံရုပ်ရှင်ဇာတ်ကားသစ်ကို Skydance ကုမ္ပဏီအတွက် ဒါရိုက်တာ လီအိုင်ဆက်ချောင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

The Traveler ဇာတ်ကားကို အမေရိကန်စာရေးဆရာ ဂျို့ဆက် အားကတ်၏အမည်တူ သိပ္ပံဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် ဒါရိုက်တာ လီအိုင်ဆက်ချောင်းသည် The Traveler ဇာတ်ကားကို ရိုက်ကူးရေးအတွက် Skydance ကုမ္ပဏီနှင့် သဘောတူညီချက် ရယူထားပြီးဖြစ်သည်။

ဒါရိုက်တာ လီအိုင်ဆက်ချောင်းသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၇၀ ထိရှိခဲ့သော Twisters(2024)ကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိတွင် The Traveler ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Skydance ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

The Traveler ဇာတ်ကားသည် အချိန်ခရီးသွားဇီဝဗေဒပညာရှင်တစ်ဦး၏ စွန့်စားမှုများကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ရှယ်ယောက္ခမများ ရုပ်ရှင်ဇာတ်ကား ဇန်နဝါရီ ၃၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၃

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရှယ်ယောက္ခမများ ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီ ၃၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် လွှမ်းပိုင်က ပြောပြ၍ သိရသည်။

ရှယ်ယောက္ခမများ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို နတ်ရဲ့(ရူပဗေဒ)က ရေးသားပြီး လူညီချောက ဇာတ်ညွှန်း ရေးသားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အချစ်ဟာသဇာတ်မြူးလေးပါ။ အတွဲညီတဲ့ အန်တီဂွမ်းလေးတို့လို ဦးခင်လှိုင်တို့လို အန်တီမျိုးမျိုးခိုင်တို့လို ဝါရင့်ဟာသဇာတ်ပို့တွေ အများကြီးပါဝင်ထားတဲ့ ဇာတ်ကားပါ။





သဘာဝမတူတဲ့အမေလေးယောက်ကို ယောက္ခမတော်ဖို့အတွက် ခြူးလေး ဘယ်လိုဘယ်ပုံအားထုတ်မလဲဆိုတာ ဒီဇာတ်ကားလေးမှာ စောင့်ကြည့်ပေးပါ။ ဟာသကြိုက်တဲ့သူတွေအတွက်တော့ ကျေနပ်သွားရမဲ့ ဇာတ်ကားလို့ပြောချင်ပါတယ်"ဟု သရုပ်ဆောင် လွှမ်းပိုင်က ပြောပြသည်။

ရှယ်ယောက္ခမများ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် လွှမ်းပိုင်၊ ကျော်ထက်၊ ခင်လှိုင်၊ ဆင်မ၊ သွက်လက်၊ မိုမိုမြင့်အောင်၊ ခိုင်နှင်းဝေ၊ ခြူးလေး၊ ဂွမ်းဘုံ၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။ ASH

# တေးသံရှင် ကော်နီနှင့် ဝေကြီးတို့၏ Chinese New Year Free Show တေးဂီတ ဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ် Inya Lake Garden တွင် ပြုလုပ်သွားမည်





ရန်ကုန် ဇန်နဝါရီ ၂၃

တေးသံရှင် ကော်နီနှင့် တေးရေး၊ တေးဆို ဝေကြီးတို့၏ Chinese New Year Free Show တေးဂီတ ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ကော်နီက ပြောပြ၍ သိရသည်။

အဆိုပါ Chinese New Year Free Show တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ ဇန်နဝါရီ ၂၉ ရက် Chinese New Year Day တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Daily Gita Band တေးဂီတအဖွဲ့ အကောင်းဆုံး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝေကြီးနဲ့ မကော်တို့ရဲ့ ဆေးသီချင်းဆိုရင်တော့ ပရိသတ်တွေ တော်တော်များများ ကြိုက်နှစ်သက်ကြတဲ့အတွက် အခုဒီပွဲလေးမှာလဲဝေကြီးရေးပေးထားတဲ့ သီချင်းအသစ်တွေကို ဝေကြီးနဲ့ သီဆိုသွားဖို့ရှိပါတယ်။ ပရိသတ်တွေတောင်းဆိုမဲ့ သီချင်းတွေနဲ့ အတူတူသီဆိုကြမဲ့ ညတစ်ညမို့ Inya Lake Garden မှာ ဆုံကြမယ်"ဟု တေးသံရှင် ကော်နီက ပြောပြသည်။

အဆိုပါ Chinese New Year Free Show တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden တွင် ဇန်နဝါရီ ၂၉ ရက် ည ၇နာရီမှစတင်ကာ ဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ရှောင်လီဗိုင်း၏ Star Wars ဇာတ်ကားသစ်၌ မင်းသား ရိုင်ယန်ဂိုးစလင်း ပါဝင်ဖွယ်ရှိ

နယူးယောက် ဇန်နဝါရီ ၂၃

ဒါရိုက်တာ ရှောင်လီဗိုင်း၏ Star Wars ဇာတ်ကားသစ်၌ Barbie မင်းသား ရိုင်ယန်ဂိုးစလင်း ပါဝင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသား ရိုင်ယန်ဂိုးစလင်းသည် အဆိုပါ Star Wars ဇာတ်ကား၌ ပါဝင်ရေးအတွက် Lucasfilm ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Star Wars ရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဂျိုနာသန်ထရေ့ပါက ဝတ္ထုဇာတ်ညွှန်း ရေးသားပေးထားသည်။

လက်ရှိတွင် အဆိုပါ Star Wars ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် Star Wars ဇာတ်ကားသစ်ကို ၂၀၂၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ရုံတင်ရန် Lucasflim ကုမ္ပဏီကစီစဉ်ထားပြီး Lucasflim က နောက်ဆုံးရိုက်ကူးထုတ်လုပ်ထားသည့် Star Wars ဇာတ်ကားမှာ The Rise of Skywalker (2019)ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Nyaungdon Township supplies 71,000 bags of Pakhan paddy to Yangon market in December


Newly harvested paddy seen in a field.

**Nyaungdon January 23**

Merchants from Nyaungdon Township of Ayeyawady Region sold 71,000 bags of Pakhan paddy to Yangon market in December 2024, said Daw Yu Wai, the owner of rice and paddy trading wholesale centre in Nyaungdon Township.

They sent 57,000 bags of Pakhan paddy to Yangon market in November 2024 but 71,000 bags in December.

Daw Yu Wai disclosed: "We sold 71,000 bags of Pakhan paddy to Yangon within one month. Such kind of paddy is high quality but it is a type of non-premium paddy strains. High demand from Yangon market rises trading of Pakhan paddy in Nyaungdon Township at good prices."

Pakhan paddy from Nyaungdon Township fetched K1.78 million per 100 baskets at Yangon market last month. Due to good trading of Pakhan paddy, local farmers and merchants in addition to those in production chains are convenient in their livelihoods. Kyaw Kyaw Lin

# Labutta Township supplies 74,000 viss of flower crab to Yangon market in December

**Labutta January 23**

Local merchants and fishermen from Labutta Township of Ayeyawady Region sent 74,000 viss of flowery crabs in December 2024, said Daw Mya Htay, the owner of fishery product trading wholesale centre in Labutta Township.

They sold 50,000 viss of flower crabs to Yangon market in November compared to 74,000 viss in December 2024 due to high demand from Yangon market.

Daw Mya Htay clarified: "We sell fishery products including flower crabs to Yangon market. Last month, we sold 74,000 viss of flower crabs to Yangon market. Now, demand is high from Yangon market to purchase flower crabs from Labutta Township. Thanks to high demand of crabs, fishery entrepreneurs and those in production chains of fishery industry are convenient in their livelihoods."

Local fishery entrepreneurs sell marine products including flower crabs to Yangon market, fetching K285,000 per 10 viss of flower crabs.

Kyaw Kyaw Lin


Samples of flower crabs.

# Farmers complete cultivation of onions as cold season crops on more than 1,000 acres

**Sagaing January 23**

Statistics of Sagaing Township Agriculture Department stated that a total of 1,912 acres of onion has been grown in Sagaing Township of Sagaing Region as cold season crops.

In 2024-25 cold season, township authorities earmarked 1,802 acres of onion in Sagaing Township but farmers have planted 1,912 acres of crops exceeding the target cultivation.

U Myo Thant Aung, Head of Sagaing Township Agriculture Department commented: "This year, a plan is underway to grow 1,802 acres of inions in Sagaing Township this cold season but farmers have planted 1,912 acres of crops so far. They exceeded the target cultivation. They expand sown acreage of onions year by year. Our department helps local farmers with linkages of market to fetch good prices for onions."

Officials of the Township Agriculture Department seek market shares for onions of local farmers to get good prices, share the technologies with local farmers to keep onions for long term storage and urge them to use GAP system in growing onions to have quality crops.

Farmers cost some K1.8 million per acre for growing onions. The crops yield some 5,000 viss per acre.

In Sagaing Region, the townships with the largest sown acreage of onions are Monywa, Yinmabin, ChaungU, Shwebo and Myinmu townships.

206

# Syria's interim FM promotes investment drive as UN envoy highlights main obstacles

**Damascus January 23**

Syria's interim Foreign Minister Asaad Hassan al-Shibani told the World Economic Forum in Davos on Wednesday that his country offered "tremendous investment opportunities" despite the devastation of over a decade of war, while a UN envoy in Damascus called for sanctions relief.

Speaking in a public discussion with former British Prime Minister Tony Blair, al-Shibani said Syria's priorities included rebuilding infrastructure such as telecommunications, roads, ports, education, healthcare, and energy, according to Syria's state news agency SANA.

"We don't want to rely solely on humanitarian aid. We aim to rebuild Syria with our own hands," al-Shibani said, citing partnerships with Gulf nations to revitalize the electrical grid. He also highlighted the potential contribution of Syrian expatriates.

Al-Shibani urged the international community to lift sanctions, describing them as "the main obstacle" for ordinary Syrians. He said Syria had a "diverse economy" and a "strategically important geography" and was eager for foreign investment "on fair and transparent terms."

Xinhua

# UN chief urges global collaboration to address mounting challenges

**Davos January 23**

The United Nations (UN) chief on Wednesday issued a stark warning about the mounting challenges facing humanity, including the climate crisis and geopolitical divisions, and urged the global community to work together to tackle them.

Addressing the World Economic Forum Annual Meeting in Davos, Switzerland, UN Secretary-General Antonio Guterres said the world was confronting a "Pandora's box of troubles" and emphasized that collaboration is the key to addressing these challenges.

He painted a dire picture of the climate emergency, likening humanity's dependence on fossil fuels to a "Frankenstein monster" that spares no one.

"Our fossil fuel addiction is a Frankenstein monster, sparing nothing and no one. All around us, we see clear signs that the monster has become the master," he said. "Sea-level rise, heatwaves, floods, storms, droughts, and wildfires are just a preview of the horror movie to come."

The UN chief urged governments to honor their promises by delivering new climate action plans ahead of the COP30 climate change conference in Brazil. He also called on financial institutions to support the energy transition in developing nations.

Xinhua



UN Secretary-General Antonio Guterres speaks during the World Economic Forum Annual Meeting in Davos, Switzerland, on Jan. 22, 2025.

# Mawlamyinegyun Township ships 70,000 bags of Thai rice to Yangon in December


Bags of rice stockpiled in a warehouse.

**Mawlamyinegyun January 23**

A total of 70,000 bags of Thai rice varieties Bay Kyaw from Mawlamyinegyun Township, Ayeyawady Region, was shipped and sold to the Yangon market in December, said Daw Nway Nway, the owner of a rice trading fair from the township.

Only 50,000 bags of Thai rice varieties Bay Kyaw from Mawlamyinegyun Township were sold to the Yangon market in November 2024, and up to 70,000 bags of Thai rice varieties were sold in December. This type of rice belongs to the cheap rice group.

"In the past month, we sold many bags of Thai rice to the Yangon market. Most of the agricultural products from Mawlamyinegyun Township are transported to the Yangon market. There are connections to buy large quantities of Thai rice from the Yangon market this month. Compared to other types of rice, this type of rice has been traded more in the past month. Bags of rice are mainly sent and sold by road," she said. KKL

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers harvest more than 7,000 acres of winter sesame in Indaw Township

**Indaw January 23**

A total of 7,060 acres of winter sesame has been harvested in Indaw Township of Sagaing Region, according to Indaw Township Agriculture Department.

They grew 11,625 acres of cold season sesame last year. Starting from December 2024, they harvested the sesame plantations. So far, they have reaped 7,060 acres of winter sesame, producing 13.76 baskets of sesame per acre.

U Thein Khaing, Head of Indaw Township Agriculture Department commented: "Indaw Township grew 11,625 acres of sesame as cold season crops last year. Now, farmers are harvesting sesame on more than 7,000 acres of plantations. They exceeded cultivation of sesame more than the target. Oil crops are thriving in Indaw Township."

This year, officials of the Township Agriculture Department urged local farmers to expand sown acreage of sesame, use GAP system, and select quality strains of crops to boost per-acre yield of crops.

The crops grown in GAP system have higher quality than other crops. Moreover, the GAP crops can fetch good prices in the markets at home and abroad. Hence, local farmers can boom their businesses with improvement of socioeconomic life.

206


A winter sesame plantation.

# Bogale Township supplies 85,000 visses of eels to Yangon market in December

**Bogale January 23**

Up to 85,000 visses of eels from Bogale Township, Ayeyawady Region were supplied to Yangon Market during December, said Daw Aye Win, the owner of Bogale Township's fishery products trading fair.

It is reported that only 60,000 visses of eels from Bogale Township were sold to the Yangon market in November 2024, and up to 85,000 visses of eels were sold from December 1 to 31, 2024.

"There was a strong demand for eels. In a month, up to 85,000 visses of eels were sold to the Yangon market. The eels from Bogale Township are mainly shipped and sold to the Yangon market. Now that the eel sales are good, the life of eel farmers and workers and those who search and catch eels are comfortable," she said.

These eels are sold to foreign countries such as China, Thailand and Singapore through the Yangon market and the current price of one viss of eel is 16,500 kyats.

KKL


Workers putting eels into boxes.

# Green gram planted on more than 2,000 acres of croplands in Kawlin District

**Kawlin January 23**

Statistics of Kawlin District Agriculture Department stated that a total of 2,277 acres of green gram has been planted in Kawlin District of Sagaing Region since last cold season.

In 2024-25 cold season, local farmers planted 2,277 acres of green gram exceeding the target cultivation of 2,200 acres of crops earmarked by local authorities.

U Win Thein, Head of Kawlin District Agriculture Department said: "District Authorities earmarked 2,200 acres of green gram in Kawlin District this cold season but farmers have so far planted 2,277 acres of crops exceeding the target. Our department urges local farmers to expand sown acreage of green gram and use quality strains of crops to boost per-acre yield of crops."

In Kawlin District, Kawlin Township cultivated 1,364 acres of green gram, Wuntho Township 140 acres and Pinlebu Township 773 acres, totalling 2,277 acres.

Local authorities set plans to grow green gram on 1,235 acres in Kawlin Township, 161 acres in Wuntho Township and 804 acres in Pinlebu Township, totalling 2,200 acres.

Officials of the district department raise farmer awareness of using quality seeds, agricultural techniques, prevention of pesticides, and use of fertilizers. Moreover, agricultural officials share post-harvest technology with local farmers. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန် Shield AI ကုမ္ပဏီက V-BAT ဒရုန်းများနှင့်ပတ်သက်၍ ယူကရိန်းတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေး



အမေရိကန်နိုင်ငံ လေကြောင်းနှင့် အာကာသကုမ္ပဏီ Shield AI သည် ရုရှားနိုင်ငံ၏ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များအပေါ် ခံနိုင်ရည်ရှိစွာ ကျော်လွှားလုပ်ဆောင်နိုင်မည့် V-BAT ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သော ဒရုန်းများနှင့်ပတ်သက်၍ ယူကရိန်းတပ်ဖွဲ့ဝင်များကို လေ့ကျင့် သင်တန်းပေးလျက်ရှိသည်ဟု The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

V-BAT ဒရုန်းများကို ယူကရိန်း ပဋိပက္ခတွင် ယခင်နှစ် ဩဂုတ်လကတည်းက ယူကရိန်းတပ်ဖွဲ့များ တပ်ဖြန့်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ကင်းထောက်ခြင်းနှင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းများတွင် အထောက်အပံ့ကောင်းများရရှိခဲ့ကြောင်း သိရသည်။

ယူကရိန်းပဋိပက္ခတွင် V-BAT ဒရုန်းများ၏ လုပ်ဆောင်နိုင်မှုများ အဆင့်မြှင့်တင်ရန်အတွက် San Diego အခြေစိုက် Shield AI ကုမ္ပဏီသည် သီးသန့်အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့၊ မစ်ရှင်လုပ်ငန်းအကောင်အထည်ဖော်သူများနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သောအဖွဲ့တစ်ဖွဲ့ကို ယူကရိန်းသို့စေလွှတ်၍ မြို့တော်ကိယက်ဗ်တွင် ရုံးခန်းဖွင့်လှစ်ထားခဲ့သည်။

ယူကရိန်းတွင် Shield AI ကုမ္ပဏီအဖွဲ့ရောက်ရှိနေခြင်းသည် စစ်ဆင်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ၎င်းအဖွဲ့နှင့်အတူ ကြိုးပမ်းအားထုတ်နေမှုများသည် ရုရှားစစ်မျက်နှာများမှ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် တပ်ဖွဲ့ဝင်များအတွက် ကောင်းကောင်း ပြင်ဆင်ထားနိုင်မည်ဖြစ်သည်ဟု ယူကရိန်းမောင်းသူမဲ့စနစ်တပ်ဖွဲ့လေ့ကျင့်ရေးဌာနမှ အကြီးတန်း တပ်မှူးတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

V-BAT ဒရုန်းတွင် GPS မလိုအပ်သည့် လမ်းကြောင်းပြစနစ်နှင့် အီလက်ထရွန်နစ် Jamming ပြုလုပ်မှုများကို ခံနိုင်ရည်ရှိသည့် ဆက်သွယ်ရေးစနစ်တစ်ခုတပ်ဆင်ထားပြီး ၎င်းသည် လေထဲတွင် တစ်ဆက်တစ်စပ်တည်း ၁၀ နာရီကြာ တာဝေးပစ်မစ်ရှင်များကို အကွာအဝေးမိုင် ၃၀၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။ ဩဂုတ်လတွင် စစ်ဆင်ရေးမစ်ရှင် တစ်ခုအတွင်း V-BAT ဒရုန်းသည် ရုရှားတို့၏ မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်တပ်ခွဲတည်ရှိရာ ရှေ့တန်းစစ်မျက်နှာတစ်လျှောက် ကီလိုမီတာ ၁၄၀ ထိ ပျံသန်းခဲ့ပြီး ရရှိလာသော ပစ်မှတ်အချက်အလက်များကို M142 High Mobility Artillery Rocket Systems သို့မဟုတ် HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်သို့ ပြန်လည်ပေးပို့ခဲ့သည်။ GPS နှင့် ဆက်သွယ်ရေးစနစ်များကို Jamming ပြုလုပ်ခံထားရသည့်ကြားမှ စစ်ဆင်ရေး ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းကို ပင်လယ်နက်၊ ရေကြောင်းစစ်ဆင်ရေးများတွင်လည်း ဖြန့်ကြက်ထားပြီး နယ်ပယ်များစွာတွင် ဘက်စုံသုံးနိုင်မှုကိုပြသခဲ့သည်။

အလေးချိန် ၁၂၅ ပေါင်ရှိ V-BAT ဒရုန်းသည် လူလိုက်ပါသည့်လေယာဉ်နှင့် တူညီလုနီးပါး အာရုံခံကိရိယာများကို တပ်ဆင်ပေးထားပြီး လျင်မြန်စွာ ဖြန့်ကြက်အသုံးပြုနိုင်ရန်အတွက် ထရပ်ကားငယ်ပေါ်တွင် တင်ဆောင်အသုံးပြုနိုင်သည်။ ထို့ပြင် ၎င်းသည် ဆင်းသက်ရန် ပြေးလမ်းမလိုအပ်ဘဲ မည်သည့်မြေမျက်နှာသွင်ပြင်မျိုးမဆို ဒေါင်လိုက်လွှတ်တင်နိုင်ကြောင်း သိရသည်။

**Ukrainians Train on American Drone That Defeats Russian Jamming ကို ဘာသာ ပြန်ဆိုထားပါသည်။**

## အီရန်စစ်ဘက်က ဒေသတွင်းခြိမ်းခြောက်မှုများကိုတန်ပြန်ရန် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို လက်ခံရရှိ

အီရန်စစ်ဘက်သည် ဒေသတွင်း ခြိမ်းခြောက်မှုများကို တန်ပြန်ရန် နောက်ဆုံးပေါ် ပြည်တွင်းထုတ် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ် Azaraksh ကို လက်ခံရရှိခဲ့ကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုအချက်သည် ဒေသတွင်း ဒုံးကျည်များ၊ ဒရုန်းများနှင့် လေယာဉ်များ စသည့်လေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက် ၎င်း၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် အီရန်နိုင်ငံ၏ ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်လာသော မဟာဗျူဟာ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ထုတ်ဖော်ပြသခဲ့သည့် Azaraksh စနစ်သည် အီရန်နိုင်ငံထုတ် နောက်ဆုံးပေါ် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်တစ်ခုဖြစ်ပြီး အနိမ့်ပျံမှအလယ်အလတ်အမြင့်ပျံခြိမ်းခြောက်မှုများကို ကာကွယ်နိုင်စွမ်းရှိစေရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်ကာ ပြည်ပစစ်ဘက်နည်းပညာများအပေါ်အားမကိုးဘဲ အီရန်နိုင်ငံ၏ လေပိုင်နက်ကို မိမိဘာသာ ကာကွယ်စောင့်ရှောက်နိုင်စွမ်းအား မြင့်မားကောင်းမွန်စေရန် အဆင့်မြင့်နည်းပညာများ အသုံးပြုထားသည်။ Azaraksh လက်နက်စနစ် ဖွံ့ဖြိုးတိုးတက်မှုသည် အီရန်နိုင်ငံကို ပြည်တွင်းထုတ် ကာကွယ်ရေးနည်းပညာများပေါ်တွင် အထူးအာရုံစိုက်ထားပြီး ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းနေရမှုအပေါ် မှီခိုအားထားရမှု လျှော့ချရန်၊ ပြင်ပခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရချိန်တွင် နိုင်ငံ၏အဟန့်အတားစွမ်းရည်များကို အားကောင်းစေရန် မူဝါဒချမှတ်၍ ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းဆောင်ရွက်နေခြင်း၏ ရလဒ်လည်းဖြစ်သည်။



Azaraksh စနစ်၏ အဓိကအင်္ဂါရပ်များတွင် ပစ်မှတ်ထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် တိုက်ပွဲဝင်ခြင်းလုပ်ငန်းဆောင်တာများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် အဆင့်မြင့် Onboard တိုက်ခိုက်ရေးစနစ်တစ်ခု ပါဝင်ဖွဲ့စည်းထားသည်။ အဆိုပါစနစ်တွင် ၃၆၀ ဒီဂရီလွှမ်းခြုံထားနိုင်သည့် Passive Phased Array ရေဒါတစ်ခုတပ်ဆင်ထားပြီး အကွာအဝေး ကီလိုမီတာ ၅၀ ထိထောက်လှမ်းနိုင်မည်ဖြစ်သည်။ ၎င်းသည် Azarakhsh လက်နက်စနစ်ကို ပြိုင်ဆိုင်မှုပြင်းထန်သော စစ်မြေပြင်ပတ်ဝန်းကျင်တွင်ပင် ပစ်မှတ်များကို ထိရောက်စွာခြေရာခံထိန်းကျောင်းနိုင်စေသည်။ ထို့ပြင် ၎င်းစနစ်တွင် ၂၅ ကီလိုမီတာ အကွာအဝေးရှိ ပစ်မှတ်များကို ခြေရာခံထိန်းကျောင်းနိုင်မည့် Electro-Optical နှင့် Infrared စနစ်များဖြင့်ပေါင်းစပ်ထားပြီး မြင်နိုင်စွမ်းနည်းပါးသော သို့မဟုတ် စိန်ခေါ်မှုများသောအခြေအနေများတွင် ပစ်မှတ်ထောက်လှမ်းခြင်းနှင့် ခြေရာခံထိန်းကျောင်းခြင်းစွမ်းရည်များ ပိုမိုမြင့်မားကောင်းမွန်မည်ဖြစ်သည်။

အထူးသဖြင့် အီရန်နှင့် အစ္စရေးတို့ကြား ဒေသတွင်းတင်းမာမှုများ မြင့်မားနေသည့်အခြေအနေမျိုးတွင် Azaraksh လေကြောင်းရန်ကာကွယ်ရေးစနစ် လွှဲပြောင်းပေးပို့မှု ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ဂါဇာတွင် အစ္စရေးနှင့် ဟားမတ်စ်တို့ကြားပဋိပက္ခနှင့် အရှေ့အလယ်ပိုင်းတွင် ပထဝီနိုင်ငံရေး မတည်ငြိမ်မှုများ ပြင်းထန်လာပြီးနောက် ဒေသတွင်းနိုင်ငံများသည် ကာကွယ်ရေးနည်းပညာများ အထူးသဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ တိုးလာလျက်ရှိသည်။ Azarakhsh စနစ်အပါအဝင် ၎င်း၏ လေကြောင်းရန် ကာကွယ်ရေးစနစ်များ ခေတ်မီတိုးတက်လာခြင်းသည် နိုင်ငံကို အစ္စရေးတို့၏ တိုက်ခိုက်မှုများမှ ကာကွယ်ရန် ရည်ရွယ်ရုံသာမက ပိုမိုကျယ်ပြန့်သော ဒေသတွင်း အားပြိုင်မှုများတွင် အင်အားကြီးမားသော အဟန့်အတားတစ်ခုအဖြစ် ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

**Iranian Army Receives New Advanced Azarakhsh Air Defense System to Counter Rising Regional Threats ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၆၄၈၃ ဧကထိ ရိတ်သိမ်းပြီးစီး



**ပုသိမ် ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၆၄၈၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက စပါး၆၈၂၉၇ ဧက လျာထား စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စပါး၃၆၄၈၃ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

''မိုးသီးနှံ စိုက်ပျိုးရာသီမှာ စပါးဧက ၆၈၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါးဧက ၃၆၀၀၀ ကျော်ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဒေသရာသီဥတုနဲ့ ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ရွှေခရုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရွှေခရုကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်း တွေကို လုပ်ဆောင်ပြီး စိုက်ပျိုးခဲ့ပါတယ်။ အခုနှစ် မိုးစပါးတွေ အထွက်နှုန်းကောင်းနေပါတယ်။ စပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့တာကြောင့်ပါ''ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

စပါးသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စပါးများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံကုလားပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**စစ်ကိုင်း ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံများ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ၁၃၅၃၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၁၉၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ကုလားပဲ ဧက၁၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်လို့ လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



ကုလားပဲသီးနှံများ အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါကနိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက် ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်းမြင့်မား တိုးတက်လာမည် ဖြစ်သဖြင့် ကုလားပဲများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

# အင်္ဂပူမြို့နယ် ကညွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ကညွတ်ကုန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာအင်္ဂပူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ တာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများ နှင့်တွေ့ဆုံပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊မြစိမ်းရောင် ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကညွတ်ကုန်းကျေးရွာရှိ အသင်းသူ၊ အသင်းသား ၉၁ဦးကို ငွေကျပ် ၄၄ ဒသမ ၇၅သန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

**သံသာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၃-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဗိုလ်ယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၅၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)













**ရှေ့ဖုံးမှအဆက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma Jia နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီး၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နှစ်သစ်ကူးအထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား တည်ထောင်ခဲ့သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် သက်တမ်းရှည်ကြာစွာ ဖြစ်ထွန်းခဲ့ပြီဖြစ်ပါကြောင်း။

ရေမြေတောတောင်များ ထိစပ်လျက်ရှိပြီး




တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် တရုတ်ရိုးရာ ပစ္စည်းများပြသထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားကို တရုတ်ရိုးရာခြင်္သေ့တိုင်အက၊ ခြင်္သေ့နဂါးအကတို့ဖြင့် ကပြဖျော်ဖြေဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်

နှစ်နိုင်ငံပြည်သူများအကြား ရှေးပဝေသဏီကတည်းက ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးထားရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးခေတ်သစ်တွင် နှစ်နိုင်ငံပြည်သူများအကြား ဆွေမျိုးပေါက်ဖော် ညီရင်းအစ်ကိုစိတ်ဓာတ်ကို အခြေခံပြီး နှစ်နိုင်ငံအကြား အပြန်အလှန်ဖလှယ်မှုများဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို "ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး" အဆင့်ထိ တိုးမြှင့်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် တရုတ်နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံ ခရီးစဉ်တွင် မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်း စိတ်ဓာတ်ကိုလည်း ထူထောင်နိုင်ခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးအစရှိသည့် ကဏ္ဍများတွင် အကူအညီများကို အစဉ်တစိုက်ပေးအပ်လျက်ရှိသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် အကူအညီများ ပေးအပ်လျက်ရှိပြီး ဒေသတွင်းသာမက နိုင်ငံတကာအသိုက်အဝန်းကပါ တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ်အပြုသဘောဆောင်သည့် အားပေးထောက်ခံမှုများ အတွက်လည်း များစွာတန်ဖိုးထားပါကြောင်း၊ ဤနေရာတွင် တရုတ်နိုင်ငံ၏ နားလည်မှုနှင့် အကူအညီပေးမှုကို များစွာတန်ဖိုးထားပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း နှစ်နိုင်ငံအကြားရှိသည့် ပြည်သူများအားလုံး မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာကျော်ဖြတ်နိုင်ပြီး နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် စိတ်ကောင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများတိုးချဲ့သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ma Jia က ၂၀၂၅ ခုနှစ်သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၅ နှစ်မြောက်ဖြစ်ပြီး တရုတ်ပြက္ခဒိန်၏ မြွေနှစ်လည်းဖြစ်ပါကြောင်း၊ တရုတ်ရိုးရာယဉ်ကျေးမှုတွင် မြွေထွက်ပေါ်လာခြင်း၏ အဓိပ္ပာယ်မှာ အသက်ရှည်ခြင်း၊ ချမ်းသာခြင်းနှင့် ကံကောင်းခြင်းပင်ဖြစ်ပါကြောင်း၊ ဗုဒ္ဓဆီမီးထွန်းလင်းတောက်သောနှစ်ဟုလည်း ခေါ်ဆိုပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူများ၏ အကျိုးပြုမှုများစွာကို ဆောင်ကြဉ်းပေးကာ တရုတ်-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေမည်ဟုမျှော်လင့်မိပါကြောင်းနှင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တရုတ်ရိုးရာယဉ်ကျေးမှု တူရိယာဖျော်ဖြေမှုများ၊ အကအလှများနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းသို့ တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် စစ်ရေယာဉ်များက ရန်ကုန်မြစ်အတွင်းမှ ကာကွယ်ရေးဦးစီးချုပ်(ရေ)အား ပုံပြုချီတက်မောင်းနှင်အလေးပြုကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၄)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၄၈ ဗိုလ်ဟိန်းမင်းသန့်နှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၄၅ ဗိုလ်ဟိန်းထက်အောင်တို့ကိုလည်းကောင်း၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၆၉ ဗိုလ်စိုင်းမင်းသန့်နှင့် ရေကြောင်းအင်ဂျင်နီယာပညာစာပေထူးချွန်ဆုရ ရေ ၅၇၇၀ ဗိုလ်ဘုန်းမြင့်ကျော်တို့ကိုလည်းကောင်း ထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၄၈ ဗိုလ်ဟိန်းမင်းသန့်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)မှ ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၄၅ ဗိုလ်ဟိန်းထက်အောင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၆၉ ဗိုလ်စိုင်းမင်းသန့်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)မှ ရေကြောင်းအင်ဂျင်နီယာပညာစာပေထူးချွန်ဆုရ ရေ ၅၇၇၀ ဗိုလ်ဘုန်းမြင့်ကျော်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ)က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်(ရေ)အတွက်သာမက နိုင်ငံတော်နှင့်တပ်မတော်အတွက် အားသစ်လောင်းမည့်မျိုးဆက်သစ်အရာရှိငယ်များကို အောင်မြင်စွာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း ရေကြောင်းသွားလာရေးဆိုင်ရာ ပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာဆိုင်ရာပညာရပ်များ၊ ရေတပ်လက်နက်နှင့်လက်နက်စနစ်ဆိုင်ရာ ပညာရပ်များနှင့် ရေတပ်အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ပညာရပ်များကို စာတွေ့သင်ကြားပေးခဲ့သည့်အပြင် ပင်လယ်ပြင်လက်တွေ့ လေ့ကျင့်မှုများကိုလည်း စစ်ရေယာဉ်များတွင် တွဲဖက်၍ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ ယခု သင်ကြားပေးလိုက်သည့် ရေတပ်ပညာရပ်များသည် ရေတပ်အရာရှိဘဝကို စတင်ရန်အတွက် အခြေခံမျှသာရှိသေးသဖြင့် Long Life Learning ဆိုသည့်အတိုင်း ဘဝတစ်လျှောက်လုံး လေ့လာသင်ယူသွားရန် အထူးလိုအပ်ကြောင်း။

ခေါင်းဆောင်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အတိုင်း မိမိအဖွဲ့အစည်းက အားကိုးရသော ခေါင်းဆောင်ကောင်းများဖြစ်စေရန်၊မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်၊ မှန်ကန်စွာခေါင်းဆောင်နိုင်ရေးအတွက် ခေတ်နှင့်အညီတိုးတက်ပြောင်းလဲလာသော အသိပညာ၊အတတ်ပညာများကို မိမိကိုယ်တိုင်တတ်မြောက်ပြည့်စုံရန် လိုအပ်သဖြင့် အလေးအနက်ထားလုပ်ဆောင်လိုက်နာရမည်ဖြစ်ကြောင်း၊ စည်းကမ်းအရာ၌ မိမိလက်အောက်ငယ်သားများကို စည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရသကဲ့သို့ မိမိကိုယ်တိုင်ကလည်း စံနမူနာပြလိုက်နာစောင့်ထိန်းရန် လိုအပ်ကြောင်း၊ အမှား၊အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မြော်မြင်နိုင်မှုနှင့်ဗဟုသုတကြွယ်ဝစေရန်အတွက် စာပေကောင်းများကိုဖတ်ရှုသွားရန်နှင့်Professional Skill အစဉ်မြင့်မားနေစေရေးလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့်ဆောင်ပုဒ်အတိုင်း အလေးထားကျင့်ကြံလိုက်နာသွားရန် လိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊မူဝါဒညွှန်ကြားချက်များကို စဉ်ဆက်မပြတ်လေ့လာရမည့်အပြင် အသိပညာဗဟုသုတပြည့်ဝရေးအတွက် လက်ရှိမြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ်စေရန် လေ့လာမှတ်သားနေရန်လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိကြီးများသည် ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အဏ္ဏဝါသီရိရိပ်သာဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် သင်တန်းဆင်းအရာရှိများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ ကျင်းပနေစဉ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တေးဂီတအဖွဲ့နှင့်တပ်မတော်(ရေ)တေးဂီတအဖွဲ့တို့မှ တေးသီချင်းအဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) ဒါတိုဆရီဆတီယာဟာဂျီအယ်ရီဝမ်ဘင်ပီဟင်ယူဆွတ်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့သို့ ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်ထိ တရားဝင်ခရီးစဉ်သွားရောက်ခဲ့သည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ သံတမန်ရပ်ကွက်ရှိ အသစ်ဆောက်လုပ်လျက်ရှိသော မြန်မာသံရုံး ဆောက်လုပ်ရေးတည်နေရာသို့သွားရောက်၍ လိုအပ်သည်များကို မှာကြားကာ အဆောက်အအုံအုတ်မြစ်သွန်းလောင်းပေးသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့အကြား သံတမန်မြေ အပြန်အလှန်လဲလှယ်ရေးသဘောတူစာချုပ်အရ ရရှိထားသည့် မြေကွက် သုံးကွက်အနက် ကျန်ရှိသော သံတမန်လူနေရပ်ကွက်ရှိ သံရုံးပိုင်မြေကွက် နှစ်ကွက်သို့ သွားရောက်၍ မြန်မာသံရုံးဝန်ထမ်းများအတွက် နေအိမ်ဆောက်လုပ်နိုင်မှု အခြေအနေကို လေ့လာကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာသံရုံး ဘန်ဒါဆရီဘီဂါဝန်မြို့၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ သံရုံးဝန်ထမ်းများ တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် အိမ်ရှင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂)က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို Rumbia Restaurant ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂)နှင့် ASSARRA VIP Guest House Villa-2 ၌ တွေ့ဆုံဆွေးနွေးပြီး အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာကို Istana Nurul Iman နန်းတော်၌ ဂါဝရပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေးဆိုင်ရာ အစရှိသောကဏ္ဍများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၅၃ ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စတုတ္ထနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၅) ဗိုလ်ဇေယျာလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၌ ဆက်လက်ကျင်းပသည်။




နံနက်ပိုင်းတွင် မြန်မာနိုင်ငံရှိ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်၊ ချီကန်ဂန်းယားဗိုင်းရပ်စ်နှင့် ဇီကာဗိုင်းရပ်စ်များ၏ မျိုးကွဲများပျံ့နှံ့ပုံနှင့် မျိုးရိုးဗီဇပြောင်းလဲပုံ၊ အဆိုပါဗိုင်းရပ်စ်များကြောင့် လူ့ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော ကိုယ်ခံအားစနစ်နှင့် လတ်တလောတွေ့ရှိချက်များကို ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုကို မျှဝေပေးရန်ရည်ရွယ်၍ "သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများ၏ ဗိုင်းရပ်စ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှုများကို မီးမောင်းထိုးပြခြင်း" ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

ထို့သို့ကျင်းပရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ နာဂါဆာကီတက္ကသိုလ်တို့မှ ပညာရှင်များက "မြန်မာနိုင်ငံနှင့် အခြားသော အာရှနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသော သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်၊ ချီကန်ဂန်းယားဗိုင်းရပ်စ်နှင့် ဇီကာဗိုင်းရပ်စ် ကူးစက်ရောဂါများ"၊ "ကူးစက်နိုင်သော အမှုန့်လုံးများကိုအသုံးပြု၍ သွေးလွန်တုပ်ကွေးပဋိပစ္စည်းတုံ့ပြန်မှုကို မြန်မာနိုင်ငံရှိ သွေးလွန်တုပ်ကွေးသွေးနမူနာများတွင် ဖော်ထုတ်ခြင်း"၊ "၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန်တုပ်ကွေးသံသယလူနာများတွင် ချီကန်ဂန်းယားဗိုင်းရပ်စ်များကို မော်လီကျူးနည်းပညာဖြင့် ရှာဖွေ၍ အမျိုးအစားခွဲခြားခြင်း"၊ "၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန်တုပ်ကွေးသံသယလူနာများတွင် ဇီကာဗိုင်းရပ်စ်ဖြစ်ပွားမှုနှုန်းကို လေ့လာခြင်း"စသည့်အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

ထို့အတူ "မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သွေးလွန်တုပ်ကွေးလူနာများ၏ ရောဂါဆိုင်ရာ၊ ဗိုင်းရပ်စ်ဗေဒဆိုင်ရာ၊ ကိုယ်ခံအားဆိုင်ရာလက္ခဏာများ"၊ "၂၀၀၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ဖျားနာသောလူနာများတွင် တွေ့ရှိရသော သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုးမျိုးကွဲများနှင့် သွေးလွန်တုပ်ကွေးရောဂါနှင့်အတူ တွဲဖက်တွေ့ရှိခဲ့သော ရောဂါများ"၊ "ဆေးသုတေသနဦးစီးဌာနနှင့် နာဂါဆာကီတက္ကသိုလ် ဂျပန်နိုင်ငံနှင့် မန္တလေးမြို့တို့၌ ၂၀၀၆ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ခြင်မှတစ်ဆင့် ကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါများအပေါ် ဆောင်ရွက်ခဲ့သည့် သုတေသနများ၏ရလဒ်များ" စသည့်အကြောင်းအရာများကိုလည်း ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်မှ အထွေထွေသမားတော်နှင့်ဘွဲ့လွန်သင်တန်းသားများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းမှ အဏုဇီဝဗေဒအတိုင်ပင်ခံဆရာဝန်၊ နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးမှ အဏုဇီဝဗေဒဆိုင်ရာ အတိုင်ပင်ခံဆရာဝန်ကြီးတို့က သုတေသနစာတမ်းများဖတ်ကြားတင်သွင်းကြရာ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ငင်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ငင်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၃**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနၵ္ဍ ကျင်းပသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်း ရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေး ညှိနှိုင်းခဲ့မှုအခြေအနေ၊ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ အကြံပြုချက်များအပေါ် လိုအပ်သလို အရေးယူဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဦးကိုကိုကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးပွဲကျင်းပသည့်ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ လက်ရှိနိုင်ငံရေးအခြေအနေ၊ နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍ အရေးပါမှုနှင့် NSPNC နှင့် နိုင်ငံရေးပါတီများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့က ဆွေးနွေးလိုသည့် အချက်များကို အဆိုပြုတင်ပြပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ သဘောထားစုစည်းရရှိချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်မည့် နှစ်ဖက်ထပ်မံအဆိုပြုချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်း၍ သဘောထားများရယူပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇန်နဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရာဂိမုန်တိုင်းကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပျက်စီးဆုံးရှုံးမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၃**

ရာဂိမုန်တိုင်းကြောင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပျက်စီးဆုံးရှုံးမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တိုင်းဒေသကြီးဦးစီးမှူးများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီးအတွင်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပြီး ပြန်လည်ကုစားခြင်းနှင့် လုပ်ငန်းများ ပုံမှန်အတိုင်းပြန်လည်လုပ်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အတိုင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ် ၁၅ ရက် နောက်ဆုံးထား ပြီးစီးအောင် အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် တင်ပြထားမှုနှင့် မြေပြင်ဆောင်ရွက်နေမှုများ တိကျမှန်ကန်ရန်လိုအပ်ပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာမှ တိုင်းဒေသကြီး ဦးစီးမှူးများက ပျက်စီးမှု၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိနေမှုတို့ကို ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ၁၈ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ၁၈ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ဘာသာရပ်အလိုက် ပညာရည် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာဘွဲ့ရ ၂၅ ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ရ ၂၉ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ ၂၉ ဦး၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်း အင်ဂျင်နီယာဘွဲ့ရ ခုနစ်ဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ် အင်ဂျင်နီယာဘွဲ့ရ ၃၂ ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘွဲ့ရ ၁၅ ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ရ ၃၉ ဦး၊ ရေကြောင်းသိပ္ပံဘွဲ့ရ တစ်ဦး၊ သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေးဘွဲ့လွန် ဒီပလိုမာဘွဲ့ရရှိသူ ၅၈ ဦး စုစုပေါင်းဘွဲ့ရရှိသူ ၂၃၅ ဦးတို့ကို သက်ဆိုင်ရာဘွဲ့လက်မှတ်နှင့် ဒီပလိုမာဘွဲ့လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၈ ကြိမ် ကျင်းပခဲ့ရာ ရေကြောင်းဘက်ဆိုင်ရာ အင်ဂျင်နီယာဘွဲ့ ၃၄၆၂ ဦးနှင့် သိပ္ပံဂုဏ်ထူးနှင့် သိပ္ပံဘွဲ့ရ ၁၂၁၉ ဦး၊ ဒီပလိုမာဘွဲ့ရရှိသူ ၁၂၄၈ ဦး၊ အင်ဂျင်နီယာဒီပလိုမာဘွဲ့ရရှိသူ ၁၁ ဦးနှင့် မဟာဘွဲ့ရရှိသူ ၂၂ ဦး စုစုပေါင်းဘွဲ့ရရှိသူ ၅၉၆၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်–

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းဟိန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်<br>မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| ( ခ ) | ဦးကျော်ယဉ်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်<br>မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာရဲမြင့်<br>ဆေးရုံအုပ်ကြီး<br>နေပြည်တော်<br>ပြည်သူ့ဆေးရုံကြီး<br>(ခုတင်–၁၀၀၀)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါး<br>ကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| ( ခ ) | ပါမောက္ခဒေါက်တာခင်စောဦး<br>ပါမောက္ခ/ဌာနမှူး<br>ခန္ဓာသန်စွမ်းမှုနှင့်ကုသမှု<br>ပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာ<br>နည်းပညာတက္ကသိုလ်<br>(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)ဖြင့် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါနည်းဥပဒေများတွင် အခန်း(၁၀)ခန်း၊ နည်းဥပဒေအပိုဒ်ပေါင်း (၅၉)ပိုဒ်၊ နောက်ဆက်တွဲပုံစံ ၁၂ ခုဖြင့် ဖော်ပြထားပြီး အခန်း(၁) တွင် အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အခန်း(၂)တွင် ပြည်သူ့စစ်မှုထမ်းရန် အသက်နှင့်ကာလတွက်ချက်ခြင်း၊အခန်း(၃)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄)တွင် စာရင်းပြုစုခြင်းနှင့်မှတ်ပုံတင်ခြင်း၊ အခန်း(၅)တွင် ဆေးစစ်ခြင်းနှင့် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန်ဖြစ်စေ၊ စစ်မှုထမ်းရမည့်ကာလအပိုင်းအခြားကိုလျှော့ပေါ့ပေးရန်ဖြစ်စေ၊ သီးခြားဖော်ပြထားသောကာလအပိုင်းအခြားထိ ရွှေ့ဆိုင်းရန်ဖြစ်စေလျှောက်ထားခြင်း၊ အခန်း(၆)တွင် အမိန့်စာဆင့်ခေါ်ခြင်း၊ အခန်း(၇)တွင် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ၊ အခန်း (၈)တွင် ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ အခန်း(၉)တွင် စစ်စည်းရုံးခြင်း၊ အခန်း(၁၀)တွင် အထွေထွေတို့ပါရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် အထီး ကလေးတစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးသည် မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက် အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”သည် ယခုအသက် နှစ်နှစ်ခြောက်လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၉ လက်မ၊ ကိုယ်လုံးလုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ၁၄၇၄ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး“ရဋ္ဌနန္ဒက”သည် ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကယားပြည်နယ် လွိုင်ကော်မြို့ အောင်သီဟရပ်ကွက် သဇင်လမ်း ဧ–၁၂၇ တွင်ပါတီရုံးချုပ်တည်ရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ(KySPP)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၁–၁–၂၀၂၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကယားပြည်နယ်ပြည်သူ့ပါတီ(KySPP)၏ အလံပုံစံ**




**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)၏တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၁၉ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၆၉ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေးပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၃**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပတုတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ဦးရေ ၄၅၀ တို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၃ ဦး၊ ခွဲစိတ်ရောဂါ ၁၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၉ ဦး၊ ကလေးရောဂါ ၃၁ ဦး၊ အရိုးရောဂါ ၆၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၈၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၉၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ တစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ပေါင်၊ လည်ပင်းနဲ့ ရင်ဘတ်ထဲ စူးအောင့်လို့လာပြီးပြတာပါ။ ဒီမှာ တော်တော်ကောင်းတယ်ဆိုလို့ လာပြတာလည်းဖြစ်ပါတယ်။ ဘယ်လိုမျိုးခံစားရတာလည်းဆိုတော့ တစ်ခါတစ်ခါကျပူတယ်။ နောက်ကျတော့လည်းပျောက်သွားလိုက်ပေါ့။ ဘဲဥ၊ ကြက်ဥညှော်စော်ခံလို့မရဘူး။ ဘဲဥ၊ ကြက်ဥ ညှော်စော်ခံလိုက်တာနဲ့ တစ်ခါတည်းတင်းပြီး နာလာတာပဲ။ ကောင်းသွားတာ နှစ်နှစ်လောက်ရှိသွားတာကနေ အခုမှပြန်ဖြစ်လာတာကြောင့် လာပြတာပါ။ အခုလိုတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့လာပြီး ကုသပေးတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်" ဟု ပြောသည်။





"ချောင်းဆိုးလို့လာပြတာပါ။ ချောင်းဆိုးတဲ့အခါ သလိပ်ထုတ်ဖို့ကို တအားဆိုးရတာ။ လည်ချောင်းတွေယားတယ်။ အဲဒါကြောင့်လာပြတာပါ။ အခုလိုတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ လာရောက်ကုပေးတဲ့အတွက် ငွေကြေးခက်ခဲတဲ့သူတွေအတွက် ပိုပြီးအဆင်ပြေတာပေါ့နော်။ ဆေးရုံ၊ဆေးခန်းသွားပြဖို့ဆိုတာ ခက်ခဲတယ်လေ။ အခုလိုလာရောက်ကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဆရာဝန်တွေကလဲ သဘောကောင်းပါတယ်။ ဆရာဝန်တွေက ရောဂါဖြစ်တာတွေနဲ့ပတ်သက်ပြီး သေသေချာချာမေးတယ်။ ဘာဖြစ်လို့လဲ၊ ဘယ်လိုကနေ ဘယ်လိုစဖြစ်တာလဲ၊ ဖြစ်တာကြာပြီလားစသဖြင့် သေသေချာချာမေးပါတယ်။ စိတ်လဲရှည်ကြပါတယ်။ လူနာတွေကိုလည်း ဂရုစိုက်ပြီးမေးပါတယ်။ ဆေးကိုလည်း သေချာသောက်ဖို့ပြောလိုက်ပါတယ်။ဘာကြောင့် ဘယ်လိုသောက်ရတယ်ဆိုတာကို သေချာရှင်းပြပေးပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ နောက်ထပ်လဲ ဒီရွာကိုအကြိမ်ရေများများလာပေးဖို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။ (၅၀၁)

# ရွှေဘိုမြို့နယ် ကင်းဗျားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များကဝင်ရောက်ပြီး ကျေးရွာစာသင်ကျောင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းမှားများရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကင်းဗျားရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး ကျေးရွာစာသင်ကျောင်းနှင့်နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊သတင်းမှားများကိုတရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်နေထိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိစေရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများနှင့်စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်း၊အကြမ်းဖက်သမားများကသာ ၎င်းအပေါ်ထောက်ခံအားပေးမှုမရှိသည့်ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊နိုင်ငံတော်ကိုအလုံးစုံပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်မှာ ပြည်သူများအသိပင်ဖြစ်ကြောင်း၊ အထက်ပါသတင်းသည် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေသည့် သတင်းမှားသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# စွမ်းရည်ထက်မြက်ကာကွယ်လျက်ပေ တပ်မတော်(ရေ)

ဘုန်းမောင်ဝင်း(ဖျာပုံ)

တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ တပ်မတော်(ရေ)သည်လည်း တပ်မတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တပ်မတော်ဟုဆိုရာ၌ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ပါဝင်သော နိုင်ငံတော်၏ကာကွယ်ရေးတပ်ပေါင်းစုကိုခေါ်ဆိုခြင်းဖြစ်သည်။ ကြည်း၊ ရေ၊ လေတပ်များသည် နိုင်ငံတော်အတွက် သုံးနားညီတြိဂံပမာ ညီညွတ်စုစည်းစွာရပ်တည်လျက်ရှိသည်။ တပ်မတော်တစ်ရပ်၏ စွမ်းအားဆိုသည်မှာ လူ၊ လက်နက်၊ နည်းပညာတို့စုံလင်စွာရှိပြီး အသုံးပြုနိုင်ခြင်းဖြစ်သည်။ ခေတ်မီတန်ဖိုးကြီးသော စစ်လက်နက်ပစ္စည်းများကိုအသုံးပြုစေကာမူ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးမပြုတတ်ပါက အကျိုးရှိမည်မဟုတ်ပေ။

ထို့ကြောင့် တပ်မတော်တွင် အဓိကတာဝန်ကြီးသုံးရပ်အဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူသော တာဝန်ကြီးသုံးရပ်သတ်မှတ်ထားခြင်းဖြစ်သည်။ အဓိကအကျဆုံးသော တာဝန်သည် လေ့ကျင့်ရေးဖြစ်သည်ဟုဆိုနိုင်သည်။ လေ့ကျင့်မှုမရှိဘဲ မည်သည့်အရာမျှတတ်မြောက်လိမ့်မည်မဟုတ်ပေ။ လေ့ကျင့်ရေးသည် စစ်ဆင်ရေးဟူသောဆောင်ပုဒ်ဖြစ်ပေါ်လာခဲ့သည်မှာသာဓကဖြစ်သည်။ တပ်မတော်သားတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်ဆန္ဒဖြင့် တပ်မတော်သို့ဝင်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြခြင်းဖြစ်သည်။ တပ်မတော်သို့ဝင်ရောက်လာသူတိုင်းသည် သက်ဆိုင်ရာသင်တန်းကျောင်းများတွင် လေ့ကျင့်သင်ကြားပြီးမှသာ တပ်မတော်သားအဖြစ်သို့ရောက်ရှိခြင်းဖြစ်သည်။

တပ်မတော်သို့ လေ့ကျင့်ရေးနှင့်စတင်ဝင်ရောက်ခဲ့ရသလို တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေစဉ်မှာလည်း လေ့ကျင့်ရေးကို ဆက်လက်လုပ်ဆောင်နေကြရသည်။ မိမိနိုင်ငံ၏မြေပြင်၊ ရေပြင်နှင့် ဝေဟင်ကို အစွမ်းထက်စွာကာကွယ်နိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်နေရသည်မှာ တာဝန်ကိုမြတ်နိုးတွယ်တာစိတ်ဖြစ်သည်။ ထိုသို့လေ့ကျင့်လျက်ရှိရာတွင် မတူကွဲပြားသော သဘောသဘာဝများရှိကြသည်။ ကြည်း၊ ရေ၊ လေ တပ်မတော်သားအားလုံးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာလေ့ကျင့်ရေးသင်တန်းများကိုဆက်လက်တက်ရောက်ထားနိုင်မှသာ မိမိတို့အား အထက်ကပေးအပ်သော အမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ လူသားအရင်းအမြစ်လည်း ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုချီးမြှင့်အမှာစကားပြောကြားရာ၌ **“စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ်လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့်လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၊ လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း၊ (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့မှသည် နောင်ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းများစွာအထိ နိုင်ငံတော်နှင့်တပ်မတော်၏ဂုဏ်ကို ဆက်လက်မြှင့်တင်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း”** ပြောကြားခဲ့သည်။

တပ်မတော်(ရေ)မှအရာရှိ၊ စစ်သည်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများက အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ဗဟုသုတတိုးပွားရေးဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်ဖြင့်မြှင့်တင်လျက်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏



**“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဟူသည့် လမ်းညွှန်ချက်အတိုင်း အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင် လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှု အသီးအပွင့်များဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီးအရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ်ဟန်ချက်ညီ တိုးတက်စေရေးကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈) သင်တန်းများ သင်တန်းပြီးမြောက်ပြီဖြစ်သည်။ သင်တန်းသားများကို သင်တန်းကာလအတွင်း နိုင်ငံတကာရေတပ်စံနှုန်းများနှင့်အညီ ရေကြောင်းဆိုင်ရာပညာရပ်များ၊ ရေတပ်လက်နက်နှင့်လက်နက်စနစ်ပညာရပ်များ၊ ရေတပ်ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပညာရပ်များ၊ ရေတပ်စစ်ဆင်မှုပညာရပ်များ၊ ရေတပ်အုပ်ချုပ်ထောက်ပံ့မှုပညာရပ်များ၊ ရေကြောင်းစက်မှုလက်မှုပညာရပ်များ၊ ရေကြောင်းလျှပ်စစ်ပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာပညာရပ်များနှင့် ရေယာဉ်တည်ဆောက်မှုပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားခဲ့ကြပြီးဖြစ်သည်။ စစ်ရေယာဉ်ကြီးများတွင် တွဲဖက်ပဲ့စင်တာဝန်ကျအရာရှိနှင့် တွဲဖက်စက်မှုလက်မှု တာဝန်ကျအရာရှိများအဖြစ် လက်တွေ့လုပ်ငန်းခွင်တွင် ဆက်လက်လေ့လာ ဆည်းပူးကြရမည်ဖြစ်သည်။ လုပ်ငန်းခွင်တွင် လက်တွေ့လေ့ကျင့်မှုများပြီးမြောက်သွားသည့်အခါ အရည်အချင်းပြည့်မီသူများကိုသာ စစ်ရေယာဉ်များတွင်တာဝန်ပေးအပ်သွားမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ထိုက်သင့်သည့်ပင်လယ်ပြင်လုပ်သက်နှင့် လုပ်ငန်းအတွေ့အကြုံရရှိပြီးချိန်တွင် အထူးပြုဘာသာရပ်ဆိုင်ရာသင်တန်းများကို ထပ်မံတက်ရောက်သင်ကြားကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသောအာမခံချက်မှာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစုကို တည်ဆောက်ပိုင်ဆိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်(ရေ)သည် စစ်ရေယာဉ်များတည်ဆောက်ခြင်း၊ လူသားအရင်းအမြစ်များပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ စစ်ရေယာဉ်များ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ဖရီးဂိတ်စစ်ရေယာဉ်ကြီးအမည်ပေးခြင်းနှင့် ရေချခြင်းမင်္ဂလာကို ဒီဇင်ဘာလ ၂၄ ရက်တွင် ကျင်းပခဲ့သည်မှာလည်း တပ်မတော်(ရေ)၏ အောင်မြင်မှုစွမ်းရည်ဖြစ်သည်။

တပ်မတော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှသည် ယခုဖရီးဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ **“ရေတပ်၏တိုက်စွမ်းအားသည်စစ်ရေယာဉ်ဖြစ်သည်”** ဟူသည့်ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တပ်မတော်(ရေ)က ကိုယ်တိုင်တည်ဆောက်ခြင်းဖြစ်သည်။ အဆိုပါစစ်ရေယာဉ်များတွင် ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အထက်တွင်ဖော်ပြခဲ့သည့်သင်တန်းများကို ဖွင့်လှစ်နေခြင်းဖြစ်သည်။

တပ်မတော်(ရေ)နှင့်ပတ်သက်လျှင် မြန်မာနိုင်ငံ၏ပိုင်နက်ရေပြင်မှာကျယ်ဝန်းပြီး ထိုပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရသည့်တာဝန်မှာကြီးမားလှသည်။ ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် မြန်မာ့ပင်လယ်ပြင်၌ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်းသဘာဝအလှများဖြင့် ပြည့်နှက်လျက်ရှိသည်။ ထို့ပြင် မျက်မှောက်ခေတ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွင် အဓိကကျသော အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့်ကပ္ပလီပင်လယ်တို့၏ ထိန်းချုပ်မှတ်နေရာတွင်လည်း တည်ရှိနေသည်။ မည်သည့်ရှုထောင့်ကကြည့်ကြည့် မြန်မာ့ပင်လယ်ပြင်သည် မြန်မာတို့ပိုင်ဆိုင်သော **“ရွှေနိုင်ငံ၏ရွှေပင်လယ်”** အစစ်ပင်ဖြစ်သည်။

ပြီးပြည့်စုံပြီးအဖိုးတန်လှသည့် မြန်မာနိုင်ငံ၏ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက်တပ်မတော်(ရေ)ကိုခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ်တိုးချဲ့တည်ဆောက်ပေးနေခြင်းဖြစ်သည်။

**တပ်မတော်သို့ လေ့ကျင့်ရေးနှင့်စတင်ဝင်ရောက်ခဲ့ရသလို တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေစဉ်မှာလည်း လေ့ကျင့်ရေးကို ဆက်လက်လုပ်ဆောင်နေကြရ . . .**

**ကြည်း၊ ရေ၊ လေ တပ်မတော်သားအားလုံးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာလေ့ကျင့်ရေးသင်တန်းများကို ဆက်လက်တက်ရောက်ထားနိုင်မှသာ မိမိတို့အား အထက်ကပေးအပ်သောအမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ် . . .**

**ပြီးပြည့်စုံပြီးအဖိုးတန်လှသည့် မြန်မာနိုင်ငံ၏ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက် တပ်မတော်(ရေ)ကို ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ်တိုးချဲ့တည်ဆောက်ပေးနေခြင်းဖြစ် . . .**

**စာမျက်နှာ ၂၃ သို့**

# မြစ်ကြီးနားမြို့ရှိ ပဋ္ဌပတ္တိမာမကကျောင်းတိုက်မှ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပဋ္ဌပတ္တိမာမကကျောင်းတိုက်မှ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၇ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းခြင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ခတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ပဋ္ဌပတ္တိမာမကကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အောင်ပန်းတွေဝေ တပ်မတော်(ရေ)

ရေပြင်ကျယ် ပင်လယ်စခန်းမှာ
တာဝန်ထမ်းတဲ့ စစ်သည်တော်တွေ
အောင်ပန်းတွေဝေ။
ကမ်းနှင့်ဝေးကွာနေ
ဆွေးဖြာပွေ ရင်ထဲမရှိ။
မုန်တိုင်းလေ လှိုင်းလေကြမ်းလို့
အခက်အခဲတွေ ဘယ်လိုဆန်းပေမယ့်
ရွှင်လန်းနေ၏။

တို့မြန်ပြည် ကြာရှည်မြဲအောင်လို့
ဖွဲ့မာန်က တဝေဝေ
ပြည့်သိပ်လို့နေ။
တို့ပိုင်နက် ရေမြေလေ
ကာကွယ်နေ ပြုံးပျော်လျက်။
တပ်မတော်(ရေ) ဇာနည်ဖွားတို့
လှုပ်ရှားသွက်လက်။

လေ့ကျင့်ရေးသည် စစ်ဆင်ရေး
သင်ကြားပေးလို့ ရည်သွေးပင်
ဂုဏ်မြင့်စေချင်။
စီမံခန့်ခွဲရေး၊ အင်ဂျင်နီယာပညာရှင်
ကျွမ်းကျင်ကာ တာဝန်ထမ်းရေး။
တပ်မတော်(ရေ)သင်တန်းများ
ထူးခြားတယ်လေး။

"မြန်မာ့ပင်လယ် ဒို့ကာကွယ်"
ဉာဏ်ရည်ကြွယ် အသိတိုးဖို့
ကြိုးစားလို့ နေလျက်သာ။
စစ်ရေယာဉ် တည်ဆောက်ပြု
အောင်မြင်မှုပါ။
တပ်မတော်(ရေ)ရဲ့ အတတ်ပညာ
ပြည်မြန်မာ ဂုဏ်မြင့်မား။
လှိုင်းနှင့်လေ သက်သေထားလို့
အားမာန်ဝင့်ကြွား။

လေ့ခွက်ချည်းကျန် အလံမလှဲ
အားမာန်ဖွဲ့ သတ္တိတွေ။
အခက်အခဲကို ဖြတ်ကျော်လွှား
ဝင့်ကြွားလို့နေ။
အစဉ်အလာကောင်းတဲ့ တပ်မတော်(ရေ)
မျိုးဆက်တွေ အမွေပေး။
ပြည့်အရေး ရည်မျှော်လို့
နိုင်ငံတော်အလှ မယွင်းရအောင်
"သာလွန်မင်း" ပမာ အောင်ဇေယျတုနဲ့
ပင်လယ်ပြင်စိုးမိုးမှုကို
ဂုဏ်ပြုတယ်လေး။ ။

**အာကာမောင်မောင်**

## ထူးခြားသည့် ညအပူချိန်များ
(၂၃-၁-၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| နမ့်စန် | သုည | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | တောင်ကြီး | ၇ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ညောင်ရွှေ | ၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

**စာမျက်နှာ ၂၂ မှအဆက်**

တပ်မတော်(ရေ)ကိုတည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy/ Regional Navy) အဖြစ်သို့ တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့ရွှေပင်လယ်၏ တန်ဖိုးကြီးမားပုံကို သိမြင်သည့်အတွက် တပ်မတော်(ရေ)၏ တိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ရန် လမ်းညွှန်မှုပြုပံ့ပိုးဖြည့်ဆည်းပေးခဲ့သောကြောင့် **"ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ (Buyer to Builder)"** အဖြစ် တစ်မုဟုတ်ချင်းပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေကို များစွာခြိုးခြံချွေတာနိုင်ခဲ့သည်။ အမြော်အမြင်မှ နည်းလမ်း၊ နည်းလမ်းမှ လက်တွေ့၊ လက်တွေ့မှအောင်မြင်မှုသို့လှမ်းတက်နိုင်ခဲ့သည်မှာ တပ်မတော်(ရေ)၏ စွမ်းအားများပင်ဖြစ်သည်။

တပ်မတော်(ရေ)၏ ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်ရန် တိုက်စွမ်းအားမြင့်မားသော စစ်ရေယာဉ်များနှင့် လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင်မူတည်သည်။ တပ်မတော်(ရေ)အနေဖြင့် ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန်စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးဟူ၍ နယ်ပယ်(၄)ရပ်လုံးတွင် ကွက်ပြည့်နင်းစစ်ဆင်နိုင်ရမည်ဖြစ်သည်။ ထို့ပြင် ပင်လယ်ပြင်မှ ကုန်းမြေအပေါ် အကျိုးသက်ရောက်မှုပေးနိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ပင်လယ်ပြင်သယံဇာတများကို ကာကွယ်မှုပေးနိုင်ရေးဟူသည့် စွမ်းအားနှစ်ရပ်ပြည့်စုံကာ ရေတပ်အင်အားကို တိုက်ခိုက်ရေးအင်အားအဖြစ်အသုံးချနိုင်ရန် စစ်ရေယာဉ်အသင့်၊ လက်နက်နှင့် လက်နက်စနစ်အသင့်၊ အရာရှိ၊ စစ်သည်အသင့်ဟူသော အသင့်(၃)ရပ်ဖြင့်ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်းတည်ဆောက်လျက်ရှိသည်။ ဤသည်မှာ နိုင်ငံနှင့်လူမျိုး ကောင်းကျိုးအတွက်ဖြစ်သည်။

တပ်မတော်(ရေ)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကဏ္ဍကြီး(၄)ရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ စာနာကူညီပေးရေးကဏ္ဍ၊ သံတမန်ရေးကဏ္ဍတို့အနက် စစ်ရေးကဏ္ဍကို ထိရောက်စွာဆောင်ရွက်နိုင်ရန် **"အမြဲတမ်းလေ့ကျင့်နေရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"** ဟူသည့် **"မြဲသုံးမြဲ"** ကိုလက်ကိုင်ထားကာ **"လေ့ကျင့်ကျွမ်းကျင်၊ အောင်ပွဲဆင်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပင်လယ်ပြင်သို့ကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန် အမြဲလေ့ကျင့်လျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်(ရေ)က မွေးထုတ်ပေးခဲ့သော တပ်မတော်(ရေ) အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၈)သင်တန်းများ အောင်မြင်စွာပြီးမြောက်ခြင်းကိုဂုဏ်ပြုပါကြောင်းနှင့် တပ်မတော်(ရေ)အနေဖြင့် **"မြန်မာ့ပင်လယ် ဒို့ကာကွယ်"** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မြန်မာ့ပင်လယ်ပြင်ကို ထာဝစဉ်စောင့်ရှောက်ကာကွယ်နိုင်ပါစေကြောင်း **"စွမ်းရည်ထက်မြက်ကာကွယ်လျက်ပေ တပ်မတော်(ရေ)"** အဖြစ် ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

**အိမ်ပြင်ပဉ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

ဝတ္ထုတိုကဏ္ဍ

# မယ့်ချစ်ခြင်းကို ကွင်းအောင်တစေ

မောင်မြင့်ခြိမ့်



(၁)

ချမ်းလိုက်၊အေးလိုက်သည်မှာ ပြောပင် မပြောချင်တော့။ အောက်မှာ ခင်းထားသော ဂုန်နီအိတ်သည် ရေခဲတုံးဖြစ်တော့မည်လား မဆိုနိုင်။ အဖေ့ပုဆိုးဟောင်းကလေးကို သုံးမြှောင့်ပုံဖြစ်အောင် ခေါက်ပြီး ခေါင်းမှသိုင်း၍ နားရွက်လုံအောင်ဖုံးကာ မေးအောက်တွင် တင်းတင်းချည်ထားသည့်တိုင် သွားချင်းရိုက်အောင် ချမ်းလှတော့သည်။

မြစ်ပြင်ကြီးနှင့်ဆုံရာ သရွတ်မြိုက်ချောင်းကလေးအဝတွင် နှင်းတို့က ပိန်းပိတ်စွာ ကျဆင်းလျက်ရှိသည်။ လှေဦးက လူသည် လှေပဲ့က လူကို မမြင်နိုင်အောင် နှင်းတံတိုင်းကြီး ကာဆီးနေတော့၏။

လှေပဲ့တွင် ပါလာသော ညီမဖြစ်သူ မြမှုံတစ်ယောက်ကတော့ ဘာဘူစောင်ကလေးကိုယ်တွင်ပတ်၍ အအေးဒဏ်ကို အန်တုနေပုံ ရလေသည်။

ကောင်းကင်မှ ဝေ့ဝဲကျဆင်းလာသော နှင်းငွေ့နှင်းစက်များနှင့် ရေပြင်မှ ဝေ့ဝိုက်လွင့်ပျံ၍တက်လာသော ရေခိုး၊ မြူတိမ်များ ပေါင်းစပ်၍ မြစ်ပြင်တစ်ခုလုံးကို အဖြူရောင်နှင်းတိုက်ကြီးနှင့် ဖိထား၊ ဖုံးထားသည် ထင်ရတော့သည်။

လှမှုံတို့ရွာက ထွက်လာတော့ ရွာဦးကျောင်းက အုန်းမောင်းပင် မခေါက်သေး။ သည်ကနေ့ကျမှ ဘယ်သူမှမနှိုးရဘဲ ထူးခြားစွာ နိုးထကာ ''ဈေးကောက် ''သွားရန် ပြင်ဆင်နေသော လှမှုံကို အမေက အံ့ဩစွာကြည့်ရင်း ''ညည်းနှယ်အေ မစောလွန်းဘူးလား ခုအချိန် မြိုးသမား၊ ဗဝန်းသမား၊ တန်းသမားတွေ ဘယ်သူမှလာမှာ မဟုတ်သေးပါဘူး ''ဟု မြည်တွန်နေဆဲမှာပင်၊ နီကြင်ကြင် ဒီဇယ်မီးခွက်အလင်းရောင်တွင် သနပ်ခါးစက်များ ပေပွနေသော သစ်သားပေါင်ထဲမှာ တစ်ဝက်ခန့်သာ ကျန်တော့သည့် မှန်အပဲ့ကလေးတွင် မမြင်မြင်အောင် ကြိုးစားကြည့်ရင်း ပါးကွက်ထူထူကွက်နေသော လှမှုံက–

''အို အမေကလဲ ဒီကနေ့ သရွတ်မြိုက်ချောင်းဘက်မှာ ချုံတွေ ဖော်မှာတဲ့တော့။ သူများထက်ဦးအောင်သွားမှ ကုန်များများရမှာ'' ဟု ပြန်ပြောရင်း အမေ့ကို တစ်ချက်ခိုး၍ ကြည့်သည်။ တကယ်တော့ လှမှုံတစ်ယောက် တစ်ညလုံးတစ်မှေးမှ အိပ်ပျော်ခဲ့သည်မဟုတ်။ ဒိန်းတလိန်းနတ် ဖမ်းစားခြင်းခံရသော အပျိုမ၏ မျက်ဝန်းပေါ်တွင် အိပ်စက်ခြင်း လိပ်ပြာကလေးခိုနားခြင်း မပြုနိုင်ခဲ့သည်မှာ ညပေါင်းများစွာလွန်မြောက်ခဲ့ပြီ။

ညကလည်း တစ်ညလုံး သောင်ပြင်ပေါ် ဆယ်တင်ခြင်းခံရသော ငါးကဲ့သို့ အသက်ရှူမဝ၊ မောဟိုက်ပင်ပန်းနေခဲ့၏။ ဖျပ်ဖျပ်လူးမတတ် ခံစားနေခဲ့ရ၏။ အိပ်၍ မပျော်ခြင်းနှင့် စိုးရိမ်ခြင်းတို့ ပေါင်းစပ်ကာ တစ်ညလုံး အတွေးရေယဉ်ကြော၌ စိတ်ကူးယဉ်လှေကလေးကိုစီးကာ မျောပါနေခဲ့၏။ သူတကာတွေ သုံးနှစ်သုံးမိုးမက သမီးရည်စားဘဝတွင် တစ်ဦးကို တစ်ဦး အကဲခတ်ကြ၊ လေ့လာကြ အခြေခိုင်အောင် စုဆောင်းကြနှင့် အချိန်ယူ စီစဉ်နိုင်ကြသော်လည်း မိမိတို့နှစ်ဦး သားမှာတော့ ချစ်သက်တမ်းကလေး တစ်ဆောင်း မကုန်မီမှာပင် ကျူရိုးနှင့် တိုင်ထူသောတဲကလေးနှယ် ကံကြမ္မာလေပြင်းကြောင့် မြေပေါ်ဝယ် ဝပ်စင်းပြိုကျရတော့မည့် ကိန်းဆိုက်ခဲ့ရပြီ။ သောင်ပြင်မှာရေးသော ချစ်အက္ခရာနှယ် ရေအတက်ဝယ် ကျေပျက်ရတော့မည်။

တစ်သက်လုံး ငါးစိမ်းသည်လုပ်ပြီး အသက်မွေးလာခဲ့သော အမေသည် ငါးတွေ၊ ပုစွန်တွေ လတ်ဆတ်နေတုန်း၊ တဖျပ်ဖျပ် ခုန်နေတုန်း ဈေးကောင်းရရန် ချိန်ခွင်ပေါ် အမြန်တင်ချင်သကဲ့သို့ လှမှုံ အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ခါစမှာပင် ငါးဒိုင်သူဌေး၏ တူတော်သူ ညိုတုတ်နှင့် ဘေးတီးစကားပြောလာချေပြီ။ ''ငါ့သမီးလေး ငယ်ပါသေးတယ်ကွာ'' ဟု စကားစရုံ ရှိသေး၊ ပြင်းထန်သော အမေ၏မျက်စောင်းဒဏ်အောက်တွင် အဖေ၏ ဆက်ရန်စကားလုံးတို့လဲ ကွယ်ပျောက်ခဲ့ရလေပြီ။

အသက်တစ်ဆယ့်သုံးနှစ်သမီးကတည်းက အမေနှင့် ဒိုးတူပေါင်ဖက် လှေပဲ့မှ လှော်ကာ ချောင်းတကာ့ချောင်း၊ မြောင်းတကာ့မြောင်း၊ မြစ်တကာ့မြစ်နှံ့အောင် ငါးကောက်၊ ပုစွန်ကောက်၍ မြို့ကလေး၏ ဈေးတွင်ရောင်းချလာခဲ့သော လှမှုံသည် အမေ၏ စိတ်နေသဘောထားကို ပို၍ သိနေတော့၏။

နယ်မြို့ကလေးမှ နေ၍ ရန်ကုန်သို့ ငါး၊ ပုစွန် တင်ပို့နေသော ငါးဒိုင်မှာ ပုစွန်တုပ်ကြီးများ ၊ ငါးဖယ်ခုံးကြီးများ၊ ငါးမြွေထိုးများ သွား၍ရောင်းတိုင်း အမေ့ကို အရေးပေးဆက်ဆံတတ်သော လှမှုံကိုပြုံတီတီ လုပ်တတ်သော၊ လက်ကိုင်လားကိုင်ရဲ့၊ ကျောသပ်ရဲ့ လားသပ်ရဲ့နှင့် လက်သရမ်းတတ်သော ငါးဒိုင်သူဌေး၏တူတော်သူ ညိုတုတ်ကိုအမေက သဘောတွေ့နေပုံရလေသည်။ ရုံဖန်ရံခါ ညိုတုတ်ထံက ငွေကြေးချေးငှားသုံးစွဲတတ်သည်ကိုလည်း ရိပ်မိလေသည်။

''မိဘဆိုတာ သားသမီးကို ဆင်စီးမြင်းရံတာပဲ မြင်ချင်တာအေ့၊ ဆင်နင်း မြင်းကန်တာတော့ ဘယ်မိဘမှ မမြင်ချင်ဘူး။ ညည်း ဒီလိုပဲနေရင် တစ်နေ့ တံငါသည်နဲ့ရမလား၊ ဗဝန်းသမားနဲ့ရမလား၊ ချုံသမားနဲ့ ရမလား ငါ့မှာ ပူနေရတာ။ ညိုတုတ်ဆိုရင် သူဌေးတူလဲဖြစ် ကုန်ချိန်တာ၊ ဈေးဖြတ်တာ၊ ရန်ကုန်သဘော်တင်တာ အားလုံးသူ့ခြေ၊ သူ့လက် လုပ်နေတဲ့ သူအေ့။ ညည်းတစ်သက် ဘယ်တော့မှ မဆင်းရဲဘူး။ ဗဝန်းသမား ချုံသမားယူလို့ကတော့ ညည်းရေထဲကတက်ရမှာ မဟုတ်ဘူး။ ငါစီစဉ်တာ မငြင်းနဲ့။ ဒါပဲ''

ဇွတ်အတင်း စီမံနေသော အမေ၏ စကားသံများကို ကြားယောင်ရင်း စိတ်က သရွတ်မြိုက်ချောင်းဝဆီသို့ လိပ်ပြာကလေး တစ်ကောင်ပမာ ဝဲကာပျံကာ ရောက်သွားနေသည်။

''ကိုစံဖေရေ ဒီကနေ့တော့ လွဲလို့မဖြစ်ဘူးနော်။ ရှင် ဆက်ဆက်လာမှ ဖြစ်မယ်။ ဒီတစ်ခါ လွဲရင်တော့ တော်နဲ့ကျုပ် ပေါင်းရဖို့ လမ်းမမြင်တော့ဘူး'' ဟုလည်း ရင်ထဲမှာ ကျိတ်၍ ဆွေးနေပြန်သေး၏။

ချိန်ခွင် ၊ အလေး၊ လင်ပန်း၊ တောင်း စသည့် ငါး၊ ပုစွန်ချိန်တွယ်ထည့်ရန်ပစ္စည်းများ လှေကလေးပေါ်တင်၍ လှေအတွင်းမှ ရေများကို တဖျန်းဖျန်း ပက်ထုတ်နေစဉ်မှာပင် ညီမဖြစ်သူ မြမှုံ ရှုံ့ကာ၊ မဲ့ကာ လှေထဲသို့ ဆင်း၍လာသည်။ အသက်တစ်ဆယ့်သုံးနှစ်အရွယ်ပေမို့ အအိပ်မက်၊ အစားမက်၊ ကစားမက်တုန်းဖြစ်၍ နံနက်စောစောကြီး အိပ်ရာကထလာခဲ့ရသဖြင့် မကြည်လင်ပေ။

အမေဖြစ်သူက သူနေမကောင်းဖြစ်တုန်း လှမှုံကို စိတ်မချသဖြင့် လှမှုံအတွက် အဖော်ရအောင် အတင်းနှိုး၍ လွှတ်လိုက်ခြင်းဖြစ်၏။ တစ်နည်းအားဖြင့် လှမှုံကို မယုံသဖြင့် အထောက်တော်ထည့်လိုက်ခြင်းဖြစ်၏။ လှမှုံတို့ ဈေးကောက်လှေကလေး ဇုက္ကနိချောင်းကလေးအတွင်းက ထွက်လာချိန်မှာ ရွာဦးကျောင်းက အုန်းမောင်းတောင် မခေါက်သေး၊ နှင်းတို့က တဖွဲဖွဲကြွေဆင်းကာ ရပ်ရှစ်ခွင်တိုင်းတစ်ခုလုံး မှိုင်းညို့ဆိုင်းစို့နေတုန်းဖြစ်၏။

(၂)

ခါးတောင်းကို မြှောင်အောင်ကျိုက်ထားသော စံဖေသည် လှေနံဘေးမှလွဲ၍ ခြေနှစ်ချောင်းကို ရေထဲသို့ ချလိုက်သည်။

''အမယ်လေးဗျ အေးလိုက်တာ''ဟု အော်ရင်း ရေထဲမှခြေထောက်ကိုပြန်၍ တင်လိုက်သည်။ လှေပဲ့မှ ကိုအောင်ရှိန်းက တဟားဟား အော်၍ ရယ်ရင်း–

''ဒီလောက် ချမ်းတတ်ရင် ရွာထဲက ဘွားသောင်းကြီးလို လျှော်ရိုးတွေ မီးထည့်ပြီး လှုံနေပါလားကွ။ တံငါလုပ်စားမနေနဲ့၊ ပြီးတော့ မိန်းမခိုးဖို့လဲ ကြံ မနေနဲ့ဟေ့ ''ဟု လှမ်းပြောကာ အချမ်းပြေအောင် ဝါစိမ်းနီတံဆိပ်ဆေးပေါ့လိပ်ကို အစီခံနားရောက်အောင် ဆက်တိုက်ဖွာပြီး ချောင်းရေထဲသို့ လက်နှင့်တောက်ထုတ်လိုက်သည်။

သရွတ်မြိုက်ချောင်းအတွင်း ရေကျစပြုနေပြီ။ ချုံကို ခပ်မြန်မြန်ပိတ်၍ ဝါးရင်းချပ်တွေ ကာမှဖြစ်တော့မည်။ စံဖေ၏ ချုံက မည်ကာမတ္တ ချုံမဟုတ်၊ အလျားအတောင်သုံးဆယ် အနံရှစ်တောင်ခန့်ရှိသော ချုံလျားရှည်ကြီးဖြစ်၏။ သရွတ်မြိုက်ချောင်းအတွင်းဘက် ရေနေ၊ ကမ်းနေကောင်းသော ညောင်မုတ်ဆိတ်ပင်ကြီး အောက်တွင်ရှိသည်။ လမု၊ လမဲ့၊ မန်ကျည်း၊ ပျဉ်းမကိုင်းများ နင်းသိပ်၍ ချထားကာ ရေတက်ဦးတိုင်း ဖွဲနုအစာလုံးများ ပက်ကြဲထားပြီး သူတို့အခေါ်နှစ်ရေမျှကြာအောင် မွေးထားသည်ဖြစ်၍ ယခုအချိန်ဖော်လျှင် ငါးပတ်၊ ငါးဖယ်၊ ငါးနုသန်း၊ ငါးဖယ်အောင်း၊ ငါးရံ့နှင့် ပုစွန်တုပ်များပါ အချိန်နှစ်ဆယ်၊ အစိတ်အနည်းဆုံးရပေလိမ့်မည်။

ကောင်းကင်၌ တစ်မှုန်ချင်းစုစည်းလာသော နှင်းမှုံငွေရည့်စက်တို့ ညောင်ရွက်ပေါ်တွင် ရေစက်၊ ရေပေါက်များအဖြစ် ကြီးမားလာကာ စံဖေနှင့် ကိုအောင်ရှိန်းတို့ အပေါ်သို့ တစ်ပေါက်ပေါက် ကျဆင်းလျက်ရှိသည်။

ဝါတာတာနီရဲရဲ ညောင်သီးမှည့်ကလေးများသည် လည်းနှင်းစက်တို့နှင့်အတူ လိုက်ပါလာကာ တဖွဲဖွဲ၊ တဖြောက်ဖြောက်နှင့် ရေပြင်ပေါ်သို့ ခုန်ဆင်းလာကြကာ ဟိုးမြစ်မကြီးဘက်ဆီ မျောပါလျက်ရှိသည်။

နှင်းတို့သည် နွားခြံတွင်း ခြင်မီးခိုးများ ထည့်ထားသလို ချောင်းရိုးကလေးတစ်လျှောက် အပြည့်အသိပ်ကျဆင်း ဖုံးလွှမ်းထားသဖြင့် နတ်တော်လသည်အလွန်ပင်အေးလှ၊ ချမ်းလှလေတော့သည်။ ထို့ကြောင့်ပင်ဖြစ်သည် ရှေးလူကြီးများ ဆိုရိုးစကား တစ်ခုထားခဲ့ကြ၏။ နတ်တော်၊ ပြာသိုလများတွင် ကျွဲချိုဖျားများပင် တဆတ်ဆတ်တုန်အောင် ချမ်းသတဲ့။

ပြောမည်သာ ပြောရ၏။ တကယ်တမ်းကျတော့ ချမ်းသည်၊ အေးသည်ကို အဘယ်မှာလျှင် အလေးထားနိုင်ပါမည်နည်း။ ချောင်းကလေးအတွင်း ရေထက်ဝက်ခန့် ကျချိန်မှစ၍ ဝါးယင်းတွေ ပတ်၍ကာရပြီး ချုံထဲက ကိုင်းတွေ ကမ်းစပ်ကိုပစ်တင်ကြရပြီ။ပြီးလျှင် ချုံထဲ က ငါး၊ ပုစွန်တွေကို ကွန်ဖြင့်ပစ်၍ လည်းကောင်း၊ ဒိုင်းဝန်းဖြင့် ကော်၍ခပ်၍ လည်းကောင်း ဖမ်းရသည်နှင့်ပင် စံဖေနှင့်ကိုအောင်ရှိန်းတို့ နှစ်ယောက် ရေစိမ်ရင်း ချွေးပြန်နေကြပြီ။

''ရေပေါ်ငါး၊ပုစွန်တွေ ကုန်ပါပြီဗျာ၊ ဝါးဘူးတွေ ဖော်ကြရအောင် ” ဟု စံဖေကပြောသည်။ ဟုတ်သည် ချုံအတွင်းရှိ ငါး၊ ပုစွန်တွေ လှေဝမ်းထဲတွင် တဖျပ်ဖျပ် ခုန်ပျံနေပြီ။ ယခုတော့ ချုံအောက်ခြေ နွံထဲတွင် တစ်ဝက်ခန့်နင်း၍ မြှုပ်ထားသော ဝါးဘူးတွေ ဖော်ရတော့မည်။ မကြာမီ ရေကျခြင်းရပ်တန့်၍ ရေငြိမ်တော့မည်။ ရေငြိမ်ရေအီ၍မှ မကြာခင် ရေဦးပြန်လည်ကာ ရေပြန်တက်တော့မည်။

လူကသာ ရေထဲတွင်ရှိနေသော်လည်း စိတ်ကတော့ သရွတ် မြိုက်ချောင်းဝကို ရောက်နေမိပြီ။ သည်ကနေ့နံနက် လှမှုံနှင့် သေသေချာချာချိန်းထားသည် မဟုတ်လား။ ချုံ၏အောက်ခြေ ရွှံ့နွံထဲတွင် မြှုပ်ထားသော ဝါးဘူးများကို ငုပ်၍ငုပ်၍ ဖော်ပြီး ပါလာသော ငါးမြွေထိုး၊ ငါးမြွေကြား၊ ငါးခြောက်ဖားများကို လှေဝမ်းထဲသို့ သွန်၍သွန်၍ ချနေသည်။

ဆက်လက်ဖော်ပြပါမည်။

# ဝက်လက်မြို့နယ်တွင် စပါး ၁၃၈၃၉၄ ဧက ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၈၁ ဒသမ ၂၄ တင်း ထွက်ရှိ



**ဝက်လက် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၃၈၃၉၄ ဧက ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၈၃၉၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၈၁ ဒသမ ၂၄ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ စပါးဧက ၁၃၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးခဲ့တယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

စပါးစိုက်တောင်သူများကို တစ်ဧက ပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သဖြင့် စပါးအထွက်နှုန်း တိုးတက်စေရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကဏန်းပျော့ပိသာချိန် ၇၇၀၀၀တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကဏန်းပျော့ပိသာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် နိုဝင်ဘာလက ကဏန်းပျော့ပိသာချိန် ၅၀၀၀၀ထိသာ တင်ပို့ရောင်းချခဲ့ပြီး ဒီဇင်ဘာ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကဏန်းပျော့ပိသာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ကဏန်းအပျော့တွေကို ရန်ကုန်ဈေးကွက်က အရင်ကထက် ပိုမိုဝယ်ယူခဲ့တာဖြစ်ပါတယ်။ နိုဝင်ဘာလကထက် ဒီဇင်ဘာလမှာ ကဏန်းပျော့ပိသာချိန် ၂၇၀၀၀ထိ ပိုမိုတင်ပို့ရောင်းချခဲ့ပါတယ်။ ဒီဘက်ကနေထွက်ရှိတဲ့ ကဏန်းပျော့တွေကိုရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးဝင်းက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကဏန်းပျော့ တစ်ပိသာလျှင်ငွေကျပ် ၁၇၅၀၀ မှ၃၅၀၀၀ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ကဏန်းပျော့များ အရောင်းအဝယ်ဖြစ်ပြီး ပုံမှန် တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ ရပ်ကွက်-၂ ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖာပွန် ဇန်နဝါရီ ၂၃**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် ကမမောင်းကျေးရွာရပ်ကွက်-၂၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၂ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်း မပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကမမောင်းကျေးရွာ ရပ်ကွက်-၂ ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည် ပတ်ရန်ပုံငွေကျပ် ၃၁၇ သိန်း ထုတ်ချေးခဲ့ကြောင်း ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုထံမှ သိရသည်။

ကိုသက်

# အမေ့အိမ်

\- ချစ်ခြင်းကို ရေးရှု
ပျော်စံမှု စတင်ရာ၊
ဘေးအန္တရာယ် ဖယ်ခွာဝေးလို့
အေးချမ်းကြည်သာ၊
မေတ္တာရိပ် ထွေးသိပ်ကာ
အတွေးစိတ်မှာ ကြည်ရွှင်အေး၊
မဝေးပဲ့ထင် လွှန်ပျော်မွေ့တဲ့
အမေ့အိမ်လေး။

\- လောကခံ ကြမ္မာရိုင်းတို့
ဒုန်းစိုင်းလို့ ဝင်လာပါစေ၊
မွေးအမေ မေတ္တာများနဲ့
ကျော်လွှားကာနေ၊
သမီး သား အတွက်လေ
ရပ်တည်ပေ ရှောင်မပြေး၊
နတ်ဘုရားလို
မြတ်တရားသို ကြည်ချမ်းမြေ့တဲ့
အမေ့အိမ်လေး။

\- တစ်အူထုံ့ဆင်း
မောင်နှမရင်းတို့ အေးရိပ်မြုံ၊
ချစ်သဒ္ဒါတည်
မေတ္တာကြည် နှလုံးသားနဲ့
လွှမ်းထားခြုံငုံ၊
ပကာသန အားလုံးစုံ
မပါကုန် ဖြူစင်သေး၊
စိတ်ဘဝင်ဝယ်
ဖိတ်မစင်သွယ် လွှန်ပျော်မွေ့တဲ့
အမေ့အိမ်လေး။ ။

ခင်မောင်မြင့်

# ပဲခူးမြို့နယ် မယင်းရှာဟောင်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပဲခူး ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယင်းရှာဟောင်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက မယင်းရှာဟောင်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၁၁၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ဂဝံလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ကျပ် ၁၂ သန်းဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ဆက်လက် ပြောပြ၍ သိရသည်။

သုတ

# တရုတ်နိုင်ငံ၏တိုက်ခိုက်မှုခံရနိုင်သည့် ပစိဖိတ်ဒေသရှိ အမေရိကန်လေယာဉ်ကွင်းများ

မောင်စိန်အိ(နဘဲမြေ)

ပစိဖိတ်ဒေသရှိ အမေရိကန်လေယာဉ်ကွင်းများသည် တရုတ်နိုင်ငံ၏ တာဝေးပျံသန်းနိုင်သောအဆင့်မြင့်လေကြောင်းစွမ်းအားနှင့် ဒုံးကျည်စွမ်းဆောင်ရည်များ၏ တိုက်ခိုက်ခံရမှုအန္တရာယ်နှင့် ကြုံတွေ့ရလျက်ရှိသောကြောင့် ပဋိပက္ခမဖြစ်ပွားမီကတည်းကပင် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PLA) သည် လေယာဉ်ကွင်းအခြေခံအဆောက်အအုံများ ပိုမိုကြံ့ခိုင်မှုရှိအောင် လုပ်ဆောင်ရာတွင် အမေရိကန်တို့၏ ကြိုးပမ်းမှုထက် သာလွန်လျက်ရှိသောကြောင့် အနောက်ပစိဖိတ်ဒေသရှိ အမေရိကန်လေယာဉ်ကွင်းများသည် အလွန်အမင်းခြိမ်းခြောက်ခံရလျက်ရှိကြောင်း Hudson Institute ပညာရှင်အဖွဲ့က အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံစစ်ဘက်သည် လေယာဉ်ထားသိုရန်အဆောက်အအုံ ၃၀၀၀ကျော်ကို ခိုင်မာအောင် အဆင့်မြှင့်တင်တည်ဆောက်ပြီး လေယာဉ်ပြေးလမ်းများတိုးချဲ့ တည်ဆောက်လျက်ရှိသည့် အချိန်တွင် အမေရိကန်အနေဖြင့် ၂၀၁၀ ပြည့်လွန်နှစ်ကာလများကတည်းက အဆောက်အအုံနှစ်လုံးတည်းကိုသာ ထပ်မံတည်ဆောက်နိုင်ခဲ့သည်။ ထို့ကြောင့် အမေရိကန်လေတပ်အခြေစိုက်စခန်းများသည် ဒုံးကျည်တိုက်ခိုက်မှုအန္တရာယ်အောက်တွင် ကျရောက်လျက်ရှိပြီး လေယာဉ်အများစုသည် ပဋိပက္ခဖြစ်ပွားလျှင် မြေပြင်၌ပင် ချေမှုန်းခံသွားရဖွယ်ရှိနေသည်။

တရုတ်နိုင်ငံ၏ အခိုင်အမာခြေကုပ်စခန်းများတည်ဆောက်ရန် ကြိုးပမ်းမှုများသည် တိုက်ခိုက်ခံရလျှင် လေကြောင်းစစ်ဆင်ရေးကို စဉ်ဆက်မပြတ်ဆင်နွှဲနိုင်စေမည်ဖြစ်သောကြောင့် မဟာဗျူဟာမြောက် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်သည်။ သို့သော် အမေရိကန်အနေဖြင့် စစ်အေးလွန်ကာလချဉ်းကပ်မှုများနှင့် လေယာဉ်ကွင်းများ တည်ဆောက်မှု၌ အနည်းငယ်မျှသာ ရင်းနှီးမြှုပ်နှံခြင်းသည် တာဝန်ထမ်းဆောင်ရာတွင် စွန့်စားရမှုများမြင့်တက်လာစေပြီး တရုတ်နိုင်ငံ၏ ကျူးကျော်တိုက်ခိုက်လာမှုကို ဖိတ်ခေါ်သလိုဖြစ်နေမည်ဖြစ်သည်။

ထို့ကြောင့် အမေရိကန်လေတပ်အခြေစိုက်စခန်းများ ပိုမိုခိုင်မာအားကောင်းရေး၊ ထိုးစစ်နှင့် ခံစစ်အပြုအမူရှိသော ကာကွယ်ရေးစနစ်များ ဖြန့်ကြက်ရေးနှင့် ဝေးကွာသောနေရာမှနေ၍ တာဝန်ထမ်းဆောင်နိုင်ရေးတပ်ဖွဲ့ ဖွဲ့စည်းမှုပြန်လည်ရေးဆွဲခြင်းတို့ကို အချိန်ကာလတစ်ခုယူ၍ လုပ်ဆောင်သွားရန် လိုအပ်လျက်ရှိသည်။ အဆိုပါ အစီအမံများကို အကောင်အထည် ဖော်ဆောင်ခြင်းမရှိလျှင် အမေရိကန်အနေဖြင့် အင်ဒို - ပစိဖိတ်ဒေသတွင် လေကြောင်းအသာစီးရရှိမှုကို ဆုံးရှုံးသွားဖွယ်ရှိပြီး တရုတ်စစ်ဘက်မှ လက်ဦးမှုရယူတိုက်ခိုက်လာစေနိုင်သည့် မဟာဗျူဟာမြောက် ဟန်ချက်ပျက်ပြားမှုများနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

အမေရိကန်လေတပ်၏ အခြေခံအဆောက်အအုံတပ်ဆင်တည်ဆောက်ရေး လုပ်ငန်းစီမံကိန်း (I2AP) အနေဖြင့် လေတပ်အခြေစိုက်စခန်းများသည် ဘေးကင်းလုံခြုံမှုမရှိကြောင်းနှင့် တိုက်ခိုက်ခံရသည့်အချိန်တွင် တာဝန်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း ဝန်ခံထားရှိသော်လည်း ပိုမိုကြံ့ခိုင်သော လေယာဉ်ထားသိုနိုင်မည့် အဆောက်အအုံအသစ်များ ဆောက်လုပ်ရေးအတွက် စီမံကိန်းများကို လျစ်လျူရှုထားခဲ့သည်။ I2AP သည် အခြေခံအဆောက်အအုံများ ခေတ်မီတိုးတက်အောင်ဆောင်ရွက်ခြင်း၊ တိုက်ခိုက်လာမှုများနှင့် သဘာဝဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်မှုစွမ်းအားမြှင့်တင်ခြင်းနှင့် စွမ်းအင်မှီခိုအားထားရမှု တိုးမြှင့်ခြင်းတို့ကို အလေးထားလုပ်ဆောင်လျက်ရှိသော်လည်း ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုထက် လိုက်လျောညီထွေရှိမှုနှင့် ရုတ်ခြည်းပြန်လည်ထူထောင်ရေးကိုသာ အလေးပေးလျက်ရှိသည်။

အမေရိကန်လေတပ်အရာရှိများသည် အခိုင်အမာအခြေခံအဆောက်အအုံများတွင် များစွာရင်းနှီးမြှုပ်နှံခြင်းထက် စစ်လက်နက်ပစ္စည်းများဝယ်ယူခြင်းကပိုမိုထိရောက်မည်ဟု အငြင်းပွားလျက်ရှိသည်။ ထို့ပြင် ကုန်ကျစရိတ်ကြီးမားသော အခြေခံအဆောက်အအုံများသည် တိကျပဲ့ထိန်းဒုံးကျည်




များကိုခုခံရာတွင် ကန့်သတ်ချက်ရှိသည်ဟုပြောဆိုလျက်ရှိသည်။

သို့သော် ရီပတ်ဘလစ်ကန်လွှတ်တော်အမတ်များကမူ အမေရိကန်လေယာဉ်အများစုသည် မြေပြင်၌ပင်လျှင် တရုတ်တို့၏ ခြိမ်းခြောက်မှုခံနေရကြောင်း သတိပေးထားသည်။ အမေရိကန်လွှတ်တော်အမတ်များက ပစိဖိတ်ဒေသရှိ အမေရိကန်လေတပ်အခြေစိုက်စခန်းများသည် တရုတ်တို့၏ ဒုံးကျည်တိုက်ခိုက်မှုအန္တရာယ်အောက်တွင် ကျရောက်နေကြောင်း သတိပေးထားသည်။

အမေရိကန်လွှတ်တော်အမတ်များက လေတပ်ဝန်ကြီး ဖရန့်ကန်ဒေါနှင့် ရေတပ်ဝန်ကြီး ကားလို့စ်ဒဲလ်တိုရိုတို့ကို ကာကွယ်ရေးဆိုင်ရာအဆင့်မြှင့်တင်မှုများကို အရှိန်မြှင့်တင်လုပ်ဆောင်သွားရန် တိုက်တွန်းထားရှိသည်။ လက်ရှိအချိန်တွင် တရုတ်တို့၏ အဆင့်မြင့်ဒုံးကျည်စွမ်းဆောင်ရည်များသည် ဂူအမ်ရှိ အန်ဒါဆန်လေတပ်အခြေစိုက်စခန်းနှင့် မြောက်ပိုင်းမာရီယာနာကျွန်းစုများအပါအဝင် ဒေသတွင်းရှိ အမေရိကန်အခြေစိုက်စခန်းအားလုံးကို ခြိမ်းခြောက်လျက်ရှိကြောင်း လွှတ်တော်အမတ်များက သတိပေးထားသည်။

လွှတ်တော်အမတ်များသည် တိုက်ခိုက်ခံရမှုအတွင်းအရေးပါလျက်ရှိသော လေယာဉ်သိုလှောင်ရုံများကဲ့သို့သောခံစစ်များပြင်ဆင်မှုတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန (DOD) ၏ နှောင့်နှေးကြန့်ကြာမှုများကိုလည်း ထောက်ပြပြောဆိုခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း တရုတ်နိုင်ငံသည် လေယာဉ်သိုလှောင်ရုံ ၄၀၀ တည်ဆောက်ခဲ့သော်လည်း အမေရိကန်အနေဖြင့် ၂၂ ခုသာ တည်ဆောက်နိုင်ခဲ့သည်။

ထို့ပြင် လွှတ်တော်အမတ်များသည် ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်းက လက်နက်ခဲယမ်းများကို ကိုင်တွယ်အသုံးပြုရာတွင် ဝန်ထုပ်ဝန်ပိုးဖြစ်နေသော လုပ်ထုံးလုပ်နည်းများကိုလည်း ပြစ်တင်ဝေဖန်ခဲ့သည်။ ၎င်းလုပ်ထုံးလုပ်နည်းများသည် အရေးပါသော စီမံကိန်းများတည်ဆောက်ရာတွင် နှောင့်နှေးကြန့်ကြာစေပြီး ကုန်ကျစရိတ်များမြှင့်တင်စေလျက်ရှိသည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန်ပျက်ကွက်ခြင်းသည် ပဋိပက္ခကာလအတွင်း အမေရိကန်၏ တာဝန်ထမ်းဆောင်နိုင်မှုစွမ်းဆောင်ရည်များအပေါ် အလွန်အမင်းထိခိုက်မှုဖြစ်ပေါ်စေနိုင်ကြောင်း လွှတ်တော်အမတ်များက သတိပေးထားသည်။

လေတပ်အခြေစိုက်စခန်းများ ကြံ့ခိုင်မှုရှိအောင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန် ပျက်ကွက်နေမည်ဆိုလျှင် တရုတ်နိုင်ငံ၏ ဒုံးကျည်တိုက်ခိုက်မှုများသည် အင်ဒို-ပစိဖိတ်ဒေသတွင် အမေရိကန်လေကြောင်းစစ်ဆင်ရေးကို အင်အားချည့်နဲ့စေနိုင်ကြောင်း၊ ပဋိပက္ခဖြစ်ပွားစဉ် လေယာဉ်များပျံတက်နိုင်မှုကို အဟန့်အတားဖြစ်စေရန် အဓိကကျသောလေယာဉ်ပြေလမ်းများနှင့် ဝေဟင်လေယာဉ်ဆီဖြည့်သည့် လုပ်ငန်းစဉ်များကို ပစ်မှတ်ထားတိုက်ခိုက်လာနိုင်ကြောင်း လွှတ်တော်အမတ်များက သုံးသပ်သတိပေးထားသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးပျံတပ်ဖွဲ့(PLARF)သည် ဂျပန်၊ ဂူအမ်နှင့်အခြားသောပစိဖိတ်နေရာများရှိ လေယာဉ်ပြေးလမ်းများနှင့် နီးစပ်သောနေရာများတွင် ပဲ့ထိန်းနှင့် ခရုဇ်ဒုံးကျည်များ တပ်ဖြန့်ချထားနိုင်စွမ်းရှိသောကြောင့် မြေပြင်ရှိ တိုက်လေယာဉ်များကို ၁၂ ရက်ထိလည်းကောင်း၊ ဆီဖြည့်လေယာဉ်များစစ်ဆင်မှုကို တစ်လကျော်ထိလည်းကောင်း တိုက်ခိုက်သွားနိုင်မည်ဖြစ်ကြောင်း လွှတ်တော်အမတ်များက သတိပေးထားသည်။

အမေရိကန်တိုက်လေယာဉ်များသည် ဆီဖြည့်လေယာဉ်များမပါရှိလျှင် အရေးကြီးသောတိုက်ပွဲဇုန်များကိုရောက်ရှိရန်နှင့် ပြန်လာနိုင်ရန်အခက်အခဲဖြစ်ပေါ်စေမည်ဖြစ်ပြီး ဗုံးကြဲလေယာဉ်များအနေဖြင့်လည်း ဝေးကွာသော အခြေစိုက်စခန်းများကို မှီခိုနေရသောကြောင့် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်စေနိုင်သည်။ ထိုသို့ နှောင့်နှေးကြန့်ကြာမှုများဖြစ်နေခြင်းသည် တရုတ်နိုင်ငံကို ၎င်း၏ စစ်ရေးဆိုင်ရာဦးတည်ချက်များအောင်မြင်မှုရရှိစေရန် မဟာဗျူဟာမြောက် အခွင့်အလမ်းများ ကမ်းလှမ်းပေးနေမည်ဖြစ်ကြောင်း သိရသည်။

လေတပ်နှင့်အာကာသတပ်ဖွဲ့များ မဂ္ဂဇင်းက ပစိဖိတ်ဒေသရှိ အမေရိကန်လေယာဉ်ကွင်းများအပေါ် တရုတ်နိုင်ငံ၏ တာဝေးပစ်တိုက်ခိုက်မှုများ၏ ခြိမ်းခြောက်မှုမြင့်တက်လာခြင်းနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံသည် ၎င်း၏ဒုံးကျည်များနှင့် စစ်လေယာဉ်များရောက်ရှိနိုင်မှုကို သိသိသာသာမြင့်တက်လာလျက်ရှိသဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်အကျိုးစီးပွားများကို ခြိမ်းခြောက်မှုမြင့်တက်လာလျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ပဲ့ထိန်းဒုံးကျည်များနှင့် အဆင့်မြင့်လေယာဉ်များ တိုးမြှင့်ခြင်းအားဖြင့် နယ်မြေဝင်ရောက်ခွင့်ငြင်းဆန်ခြင်း၊ နယ်မြေငြင်းပယ်ခြင်း (A2/AD) မဟာဗျူဟာကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းမဂ္ဂဇင်း၌ ဖော်ပြထားသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်(PLAN)နှင့် လေတပ် (PLAAF) တို့သည် လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၏ ကမ်းခြေများနှင့် ဝေးကွာသောနေရာများသို့ အကြိမ်ကြိမ်သွားရောက်တာဝန်ထမ်းဆောင်ခြင်း၊ တာဝန်ထမ်းဆောင်မှု အကွာအဝေးပိုမိုတိုးမြှင့်နိုင်ရန်အတွက် ဝေဟင်ဆီဖြည့်စွမ်းဆောင်ရည်များကိုလည်း ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းမဂ္ဂဇင်း၌ ထပ်လောင်းဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ တာဝေးပျံသန်းနိုင်သည့် လေကြောင်းတပ်ဖွဲ့နှင့် ဒုံးပျံတပ်ဖွဲ့များသည် ၂၀၂၄ ခုနှစ်အတွင်း သိသာထင်ရှားသောအဆင့်မြှင့်တင်မှုများ လုပ်ဆောင်နိုင်ခဲ့သဖြင့် မဟာဗျူဟာမြောက်ဟန့်တားမှုနှင့် အာဏာဖြန့်ကြက်မှုတို့အပေါ် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်မှုကို ထင်ဟပ်စေလျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန(DOD)၏ ၂၀၂၄ခုနှစ် တရုတ်စစ်ရေးစွမ်းအားအစီရင်ခံစာ၌ ဖော်ပြထားသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်(PLAAF) သည် Y-20U ဝေဟင်ဆီဖြည့်လေယာဉ်ကို ပေါင်းစည်းထားရှိသဖြင့် နိုင်ငံတကာတပ်ဖြန့်ချထားမှုများနှင့် ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ရေပိုင်နက်ကျော်ဝေဟင်မစ်ရှင်များ ထမ်းဆောင်နိုင်သောကြောင့် တာဝေးဝေဟင်စစ်ဆင်ရေးများကို တိုးချဲ့ထမ်းဆောင်နိုင်ကြောင်း DOD အစီရင်ခံစာ၌ ဖော်ပြထားသည်။ လက်ရှိအချိန်တွင် PLAAF သည် ကမ္ဘာလုံးဆိုင်ရာ တိုက်ခိုက်ရေးစွမ်းဆောင်ရည်ရရှိရန်ရည်မှန်းထားသည့် H-20 ကိုယ်ပျောက်ဗုံးကြဲလေယာဉ်ကို ဆက်လက်သုတေသနပြု တည်ဆောက်လျက်ရှိသဖြင့် နျူကလီးယားစွမ်းဆောင်ရည် သယ်ဆောင်နိုင်သည့် တရုတ်နိုင်ငံ၏ လေကြောင်းစွမ်းရည်တိုးတက်ပြောင်းလဲလာမှုတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း DODအစီရင်ခံစာ၌ ဖော်ပြထားသည်။

ထိုအတောအတွင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးပျံတပ်ဖွဲ့ (PLARF)သည် ကီလိုမီတာ ၈၀၀၀ ထိပစ်ခတ်နိုင်ပြီး နျူကလီးယားနှင့် သမားရိုးကျကျည်ထိပ်ဖူးများ သယ်ဆောင်နိုင်သည့် DF-27 ကဲ့သို့သော ခေတ်မီတိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် (ICBM)နှင့် အသံလွန်ယာဉ် (HGV) အမျိုးမျိုးကို တီထွင်လျက်ရှိကြောင်း၊ HGVs တပ်ဆင်ထားသော DF-17 ဒုံးကျည်သည် အနောက်ပစိဖိတ်ဒေသတစ်ဝန်းတွင် တိကျသော တိုက်ခိုက်ရေးစွမ်းဆောင်ရည် မြှင့်တင်စေနိုင်ကြောင်း DOD အစီရင်ခံစာ၌ ဖော်ပြထားသည်။

အဆိုပါတိုးတက်အောင်မြင်မှုများကို ကွပ်ကဲမှုနှင့် ထိန်းချုပ်မှု၊ ဒုံးကျည်ကာကွယ်ရေး တန်ပြန်အစီအမံများ၊ အာကာသအခြေစိုက်နည်းပညာများတွင် တိုးတက်မှုများဖြင့် အထောက်အကူပြုထားသဖြင့် ကမ္ဘာလုံးဆိုင်ရာ အင်အားကြီးနိုင်ငံများတွင် စစ်ရေးစွမ်းရည်သာတူညီမျှရှိမှုနှင့် စစ်နယ်ဝန်းအားလုံးတွင် ရန်သူများကို ဟန့်တားနိုင်မှုတို့၌ အောင်မြင်မှုရရှိရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် အလေးထားဆောင်ရွက်မှုတို့ကို မီးမောင်းထိုးပြလျက်ရှိပေသည်။

**ကိုးကား**

**-US Pacific airfields highly vulnerable to China's preemptive attack by Asia Times.**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၁၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၁၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၁၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၁၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ၄၁၈၅ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၁၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းအထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုးကောင်း ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် တောင်နီကျေးရွာတွင် စိုက်ပျိုးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်း၊ Mobile Solar နှင့် Solar Pump တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် ဝန်ထမ်းများက တောင်နီကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်း၊ Mobile Solar နှင့် Solar Pump တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးချပြီး ရေရှည်တည်တံ့ ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောင်နီကျေးရွာတွင် အကျယ် လေးလက်မခွဲ (PVC)၊ အနက် ပေ ၁၂၀ ရှိ စက်ရေတွင်းနှစ်တွင်းတူးဖော်ခြင်း၊ Mobile Solar နှင့် Solar Pump တပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၅၈ သန်းဖြင့် YP Home ကုမ္ပဏီက ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချစ်ဦးကို

# အမေရိကန်နိုင်ငံ တောင်ပိုင်းဒေသများတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူကိုးဦးသေဆုံးပြီး လေယာဉ်ခရီးစဉ်အများအပြားရပ်နားထားရ



ဝါရှင်တန် ဇန်နဝါရီ ၂၃

အမေရိကန်နိုင်ငံ တောင်ပိုင်းဒေသများတွင် ယခု သီတင်းပတ်အတွင်း နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် နှင်းကျဆင်းမှုဖြစ်ပေါ်လျက်ရှိပြီး ဇန်နဝါရီ ၂၂ ရက်ထိ လူကိုးဦး သေဆုံးခဲ့ကာ လေယာဉ်ခရီးစဉ်အများအပြားကို ရပ်နားထားရသည်ဟု အမျိုးသားမိုးလေဝသဌာနမှ ဇန်နဝါရီ ၂၂ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ တောင်ပိုင်းဒေသများတွင် ယခုသီတင်းပတ်အစောပိုင်းရက်များမှစ၍ နှင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ဆီးနှင်းများကျဆင်းမှုဖြစ်ပေါ်လျက်ရှိရာ အအေးပိုင်းဒေသ မဟုတ်သည့် တောင်ပိုင်း ပင်လယ်ကွေ့ကမ်းရိုးတန်း ဒေသများတွင် လူကိုးဦး သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူများမှာ အအေးလွန်ကဲ၍ သေဆုံးသူ လေးဦးနှင့် ယာဉ်တိုက်မှုများကြောင့် သေဆုံးသူ ငါးဦးဖြစ်ကာ မုန်တိုင်းမှာ အားပျော့လာသော်လည်း ဗာဂျီးနီးယားနှင့် ဖလော်ရီဒါပြည်နယ်တို့တွင် ရာသီဥတုဆိုင်ရာ သတိပေးချက်အောက်တွင် ဆက်လက်ရှိနေသေးသည်ဟု အမျိုးသားမိုးလေဝသဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ကမ်းရိုးတန်းပြည်နယ်တစ်ခုဖြစ်သော လူဝီစီယားနားရှိ အကြီးဆုံးမြို့တစ်မြို့ဖြစ်သော နယူးအော်လင်းမြို့၌ ဇန်နဝါရီ ၂၁ ရက်တစ်ရက်တည်းတွင် ရှစ်လက်မထိ ကျဆင်းခဲ့ပြီး ယခင်စံချိန်ဖြစ်သော ၂ ဒသမ ၇ လက်မ စံချိန်ကို ကျော်လွန်ခဲ့ကြောင်း သိရသည်။

ဆီးနှင်း ကျဆင်းမှုကြောင့် တက္ကဆက်ပြည်နယ်နှင့် ဖလော်ရီဒါပြည်နယ်တို့ရှိ အဓိကလေဆိပ်ကြီးများ လေယာဉ်ခရီးစဉ်ပေါင်း ၁၂၀၀ ကျော်ကို ရပ်နားထားရပြီး အဝေးပြေးလမ်းပေါင်း ၃၀ ခန့်ကို ပိတ်ထားရကာ ကျောင်းများ၊ အစိုးရရုံးများနှင့် စီးပွားရေးလုပ်ငန်း အများအပြားကိုလည်း ပိတ်ထားရကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# ဘော့စနီးယားနိုင်ငံ ဆာရာဂျေဗိုဒေသန္တရအုပ်ချုပ်မှုဒေသတွင် လေထုညစ်ညမ်းမှု သတိပေးချက်ထုတ်ပြန်

ဆာရာဂျေဗို ဇန်နဝါရီ ၂၃

ဘော့စနီးယားနိုင်ငံ၏ ဖက်ဒရေးရှင်းအဖွဲ့အစည်းရှိ နယ်မြေ ၁၀ ခုအနက်မှ တစ်ခုဖြစ်သော ဆာရာဂျေဗို ဒေသန္တရအုပ်ချုပ်မှုဒေသတွင် လေထုညစ်ညမ်းမှုအလွန် မြင့်တက်လျက်ရှိသဖြင့် ဒေသန္တရအစိုးရတာဝန်ရှိသူများက ဇန်နဝါရီ ၂၁ ရက်တွင် သတိပေးချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း ဇန်နဝါရီ ၂၂ ရက် သတင်းများအရ သိရသည်။

ဆာရာဂျေဗိုမြို့သည် ဇန်နဝါရီ ၂၁ ရက်တွင် ကမ္ဘာ့လေထုညစ်ညမ်းမှုအမြင့်ဆုံး မြို့များစာရင်းတွင် ထိပ်ဆုံးမှရပ်တည်ခဲ့ပြီး လေထုအရည်အသွေး ညွှန်းကိန်းမှာ တစ်ကုဗမီတာလျှင် မိုက်ခရိုဂရမ် ၅၀၀ ထိ အမှုန်အမွှားများပါဝင်ခဲ့ရာ အဆိုပါအခြေအနေသည် ပြီးခဲ့သော နှစ်လအတွင်း အမြင့်ဆုံးစံချိန် တစ်ခုဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

လေထုအရည်အသွေး ညွှန်းကိန်းသည် တစ်ကုဗမီတာလျှင် ၁၀၀ မိုက်ခရိုဂရမ် ကျော်ပါက ကျန်းမာရေးနှင့် မညီညွတ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားပြီး ၂၀၀ မိုက်ခရိုဂရမ် ထက်ကျော်ပါက အန္တရာယ်အဆင့်အဖြစ်သတ်မှတ်ထားရာ ဆာရာဂျေဗို ဒေသန္တရအုပ်ချုပ်မှုဒေသတွင် လေထုအရည်အသွေးညွှန်းကိန်းမှာ တစ်ကုဗမီတာလျှင် ၃၀၀ အထက် မြင့်တက်လျက်ရှိသဖြင့် ဒေသအတွင်းရှိ ပြည်သူများအနေဖြင့် မလိုအပ်ဘဲ ပြင်ပသို့ထွက်ခွာခြင်းကို ရှောင်ရှားကြရန် တာဝန်ရှိသူများ ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ သတိပေးချက်တွင် ဒေသန္တရအုပ်ချုပ်မှုဒေသအတွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးသည် ပြည်သူ့ကျန်းမာရေးကို အကာအကွယ်ပေးရန်နှင့်ညစ်ညမ်းဓာတ်ငွေ့များ ထုတ်လွှတ်မှုကို လျှော့ချရန် သတ်မှတ်ထားသော အစီအမံများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်သွားလာမှုတချို့ကို ကန့်သတ်သွားမည်ဖြစ်ကာ စက်မှုလုပ်ငန်းတချို့ကိုလည်း ခေတ္တရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# နယူးဆောက်ဝေးပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်တို့တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်

ကင်ဘာရာ ဇန်နဝါရီ ၂၃

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်နှင့် ကွင်းစလန်းပြည်နယ်တို့တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ဇန်နဝါရီ ၂၂ ရက်တွင် အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း Bureau of Meteorology က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ကွင်းစလန်းပြည်နယ် ဘတ်စဗီးလ်ဒေသတွင် အပူချိန်မှာ ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ဝင်ဒိုရာနယ်မြေနှင့် သာဂိုမင်ဒါနယ်မြေတို့တွင် အပူချိန်မှာ ၄၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း၊ ကွီပိုင်နယ်မြေတွင် အပူချိန်မှာ ၄၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ကွင်းစလန်းပြည်နယ်၏အခြားသော နယ်မြေများတွင် အပူချိန်မှာ ၄၃ ဒီဂရီစင်တီဂရိတ်ရောက်ရှိနေကြောင်း Bureau of Meteorology က ထုတ်ပြန်ခဲ့သည်။



“အပူလှိုင်းတွေ ဖြတ်သန်းပြီးတော့ အပူချိန်တွေ မြင့်တက်မှုဖြစ်ပေါ်နေပါတယ်။ အမြင့်ဆုံးအပူချိန်ကတော့ ၄၆ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီးတော့ အနိမ့်ဆုံးအပူချိန်က ၄၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပါတယ်။ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ် မြင့်မားနေပါတယ်။ ဒါကြောင့် အပူချိန်မြင့်တက်မှုအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ နေရောင်တိုက်ရိုက်ထိတွေ့တဲ့နေရာတွေကို ရှောင်ကြဉ်ပါ။ ရေဓာတ်ခန်းခြောက်မှုတွေမဖြစ်အောင် ရေများများသောက်ပေးဖို့ လိုအပ်ပါတယ်။ သက်ကြီးအားလုံးအတွက် အန္တရာယ်ရှိတဲ့အခြေအနေဖြစ်ပါတယ်” ဟု Bureau of Meteorology မှ ပြောရေးဆိုခွင့်ရှိသူ အန်ဂတ်စ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံ လေတီစီရင်စုအနီးတွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

မနီလာ ဇန်နဝါရီ ၂၃

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း လေတီစီရင်စုအနီးတွင် ယနေ့နံနက်အစောပိုင်းက ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ Philippine Institute of Volcanology and Seismology (PHIVOLCS)က ထုတ်ပြန်ခဲ့သည်။

ငလျင်သည် လေတီစီရင်စုရှိ ဆန်ဖရန်စစ္စကိုမြို့အနီး မြေအောက်အနက် ၁၀ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့်ခဲ့သော ဧရိယာအတွင်း အဆောက်အအုံတချို့ အသေးစားပျက်စီးခဲ့ပြီး ဖြစ်ပေါ်ခဲ့သော ငလျင်မှာ အားကောင်းသည့်အတွက် ငလျင်လှိုင်းရောက်ရှိခဲ့သော ဧရိယာအတွင်း နေထိုင်သော ဒေသခံတချို့ အရေးပေါ် အမိုးအကာအောက် တိမ်းရှောင်ခဲ့ရကြောင်း၊ ငလျင်ဒဏ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသော ဧရိယာမှာ ဆန်ဖရန်စစ္စကိုမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများဖြစ်ပြီး ငလျင်ဒဏ်ခံခဲ့ရသော ဒေသများကို ရဲတပ်ဖွဲ့မှူး ဘာနီကာတစ် ဦးဆောင်၍ လိုက်လံစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

“ငလျင် လှုပ်ခတ်သွားတာ အားပြင်းပါတယ်။ ငလျင်ဒဏ်သင့်ခဲ့တဲ့ ဧရိယာအတွင်းမှာ အဆောက်အအုံတချို့ ပျက်စီးခဲ့တယ်။ အများပြည်သူပိုင်ပစ္စည်းတချို့လဲ ပျက်စီးခဲ့တယ်။ ငလျင်ဒဏ်သင့်ခဲ့တဲ့ ဧရိယာတွေကို လိုက်လံစစ်ဆေးနေပါတယ်။ ပျက်စီးဆုံးရှုံးမှုအသေးစိတ်ကိုတော့ စိစစ်ပြီးမှ ထုတ်ပြန်သွားမယ်”ဟု ရဲတပ်ဖွဲ့မှူး ဘာနီကာတစ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ရေဘေးဒဏ်သင့်ဒေသခံများကို တရုတ်သမ္မတရှီကျင့်ဖျင်တွေ့ဆုံ

ပေကျင်း ဇန်နဝါရီ ၂၃

တရုတ်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းတွင် ၂၀၂၄ ခုနှစ်အတွင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော ဒေသများမှ ဒေသခံများကို တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင် ဇန်နဝါရီ ၂၂ ရက်တွင် သွားရောက်တွေ့ဆုံခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ပြည်နယ်မှာ လျောင်းနင်ပြည်နယ်ဖြစ်ပြီး ဒေသခံတချို့မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၉ ရက်တွင် ကျရောက်မည့် တရုတ် နှစ်သစ်ကူးပွဲတော်တွင် ဒေသခံပြည်သူများ ပျော်ရွှင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သောပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေးအတွက် ဒေသခံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ရှီကျင့်ဖျင်ဦးဆောင်ကာ တရုတ်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီဝင်များ လိုက်ပါကာ ဒေသခံများဖြင့် သွားရောက်တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်က ရေဘေးဒဏ်သင့် ပြည်သူများ၏ နေအိမ်များသို့ သွားရောက်ပြီး မိသားစုဝင်များနှင့်တွေ့ဆုံခဲ့ကာ ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

“တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်ဟာ တရုတ်ကွန်မြူနစ်ပါတီရဲ့ ဗဟိုကော်မတီဝင်တွေ လိုက်ပါပြီး ၂၀၂၄ ခုနှစ်အတွင်း ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဒေသတွေက ဒေသခံတွေကို သွားရောက်တွေ့ဆုံခဲ့ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံသွားခဲ့ပါတယ်” ဟု တရုတ်နိုင်ငံအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# စနေနေ့ညမှာယှဉ်ပြိုင်ကစားမဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ မာယော့ကာအသင်း၊ ဒေါ့မွန်အသင်း၊ အာဆင်နယ်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML



လက်ရှိ ဥရောပဘောလုံးရာသီဟာ ပထမရာသီဝက်ပြီးဆုံးလို့ ဒုတိယအကျော့ပွဲစဉ်တွေပြန်လည်စတင်လာခဲ့တာ အခုဆိုရင် ကလပ်အသင်းအသီးသီးအနေနဲ့ သူတို့ရဲ့အမှတ်ပေးဇယားအဆင့်ရပ်တည်မှုအလိုက် ရည်မှန်းချက်အသီးသီးနဲ့ ယှဉ်ပြိုင်ကစားလာကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာလဲ ဥရောပပြိုင်ပွဲဝင်အသင်းတွေရဲ့ ပြိုင်ဆိုင်မှုပြင်းထန်လှတဲ့ပွဲစဉ်တွေမှာ ပရိသတ်စိတ်ဝင်စားမဲ့ ပွဲစဉ်အဖြစ် နာပိုလီနဲ့ ဂျူဗင်တပ်အသင်းတို့ရဲ့ အီတလီစီးရီးအေပွဲစဉ်၊ လိုက်ပ်ဇစ်နဲ့ လေဗာကူဆင်အသင်းတို့ရဲ့ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်အပြင် မန်စီးတီးနဲ့ ချဲလ်ဆီးအသင်းတို့ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တို့ကို စောင့်ကြည့်ရမှာဖြစ်ပါတယ်၊ ပြီးခဲ့တဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာဆိုရင် ပရီးမီးယားလိဂ်အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းက ဘရန့်ဖို့ဒ်အသင်းကို အနိုင်ရခဲ့ပေမဲ့ အဆင့်(၂)နေရာက အာဆင်နယ်အသင်းက အိမ်ကွင်းမှာ အေဗီလာအသင်းကို နှစ်ဂိုးစီသရေရလဒ်သာကစားနိုင်ခဲ့ပါတယ်။ ဒါ့ပြင် ခြောက်ပွဲဆက်အနိုင်ရခဲ့တဲ့ နယူးကာဆယ်အသင်းဟာ အိမ်ကွင်းမှာ ဘုန်းမောက်အသင်းကို မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပေမဲ့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းအကောင်းဆုံးအနေအထားမှာရှိနေတဲ့ နော်တင်ဟမ်အသင်းက အမှတ်ပေးဇယားတန်းဆင်းဇုန်က ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၃)နေရာကို တက်လှမ်းလာနိုင်ခဲ့တာကို တွေ့ရပါတယ်။ အသင်းကြီးတွေဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ ချဲလ်ဆီးအသင်းတို့နိုင်ပွဲပြန်လည်ရရှိခဲ့ပေမဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ စပါးအသင်းအနေနဲ့လဲ အဲဗာတန်အသင်းကို အဝေးကွင်းမှာရှုံးနိမ့်ခဲ့တာကြောင့် ပရီးမီးယားလိဂ်ရဲ့ ချန်ပီယံဖြစ်ခွင့်နဲ့ တန်းဆင်းဇုန်အသင်းတချို့အနေနဲ့လဲ ပြိုင်ဆိုင်မှုတွေ ဆက်လက်ပြင်းထန်လာအုံးမှာပဲဖြစ်ပါတယ်။ အဲဒီထဲက အကြိုက်တွေ့မိတဲ့ အသင်းသုံးသင်းကို လေ့လာရွေးချယ်ပေးလိုက်ရပါတယ်။

### မာယော့ကာအသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်ယှဉ်ပြိုင်ကစားမဲ့ ဥရောပပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မာယော့ကာနဲ့ ဘက်တစ်အသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းဟာ စပိန်လာလီဂါပွဲစဉ် ၂၁ အဖြစ်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ဒုတိယအကျော့ပွဲစဉ်မှာ ဘက်တစ်အသင်းက နှစ်ဂိုး တစ်ဂိုးနဲ့ အိမ်ကွင်းမှာ ရှုံးနိမ့်ထားပါတယ်။ နည်းပြဂျာဂိုဘာရဲ့ မာယော့ကာအသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အကောင်းဆုံးစွမ်းဆောင်ထားနိုင်ပြီး လာလီဂါပွဲစဉ် ၂၀ ကစားပြီးချိန်မှာ ကိုးပွဲနိုင် သုံးပွဲသရေနဲ့ ရှစ်ပွဲရှုံးရလဒ်ကို ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ လာမဲ့ဘောလုံးရာသီမှာ ဥရောပပြိုင်ပွဲယှဉ်ပြိုင်ခွင့်အတွက် ဆိုစီဒက်၊ ဂီရိုနာ၊ ဗီလာရီးရဲလ်အသင်းတို့နဲ့ အပြိုင်ဖြစ်နေတာကြောင့် အကောင်းဆုံးယှဉ်ပြိုင်ကစားလာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ ကိုပါဒယ်ရေး၊ စူပါကပ်ပြိုင်ပွဲမှာ ရှုံးပွဲတွေ့ခဲ့ရသလို လာလီဂါနောက်ဆုံးပွဲစဉ်မှာလဲ ဗီလာရီးရဲလ်အသင်းကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းဖို့ အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။

ဘက်တစ်အသင်းကတော့ လက်ရှိဘောလုံးရာသီအစမှာ ခြေစွမ်းပိုင်းတည်ငြိမ်ခဲ့ပေမဲ့ ဒဏ်ရာရကစားသမားတွေ များပြားနေခဲ့သလို ဥရောပကွန်ဖရန့်လိဂ်ပွဲစဉ်တွေကစားထားရတာကြောင့် လာလီဂါမှာ ရလဒ်ပိုင်းတွေ ကျဆင်းခဲ့ရတာဖြစ်ပါတယ်။ နောက်ဆုံး သုံးပွဲဆက်ရှုံးနိမ့်ခဲ့တဲ့ သူတို့အသင်းအနေနဲ့ လာလီဂါပွဲစဉ် ၂၀ ကစားပြီးချိန်မှာ ရမှတ် ၂၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၂)နေရာမှာ ရပ်တည်နေပါတယ်။ လာလီဂါပွဲစဉ်ခြောက်ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးနိမ့်ခဲ့ရသလို ဒီရာသီမှာ အဝေးကွင်းနိုင်ပွဲ နှစ်ပွဲသာရှိထားတာကြောင့် အခုပွဲစဉ်မှာ မာယော့ကာအသင်းကို ပွဲချိန်ပြည့် ဖိအားပေးကစားနိုင်ဖို့ ခက်ခဲနေအုံးမှာပါ။ ဒါ့ပြင် ဘက်တစ်အသင်းရဲ့ခံစစ်ပိုင်းက ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲမှာ ကိုးဂိုးထိပေးထားရတာကြောင့် လက်ရှိခြေစွမ်းပိုင်းအသာရနေတဲ့ မာယော့ကာအသင်းကို အားပေးရမှာပါ။

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| မာယော့ကာ | ၂ - ၁ | ဂျီရိုနာ |
| ဂီတာဖေး | ဝ - ၁ | မာယော့ကာ |
| ပွန်တီဗီဒရာ | ၃ - ဝ | မာယော့ကာ |
| ရီးရဲလ်မက်ဒရစ် | ၃ - ဝ | မာယော့ကာ |
| ဗီလာရီးရဲလ် | ၄ - ဝ | မာယော့ကာ |

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဘက်တစ် | ၁ - ၁ | ဗယ်ကာနို |
| ဟူစကာ | ဝ - ၁ | ဘက်တစ် |
| ဗယ်လာဒိုးလစ် | ၁ - ဝ | ဘက်တစ် |
| ဘာစီလိုနာ | ၅ - ၁ | ဘက်တစ် |
| ဘက်တစ် | ၁ - ၃ | အလာဗက်စ် |

### ဒေါ့မွန်အသင်းကို ရွေးချယ်ရမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဒေါ့မွန်အသင်းနဲ့ ဝဲဒါဘရီမင်အသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘွန်ဒက်စ်လီဂါပွဲစဉ် ၁၉ အဖြစ်ယှဉ်ပြိုင်ကစားကြမဲ့ သူတို့နှစ်သင်းကတော့ ပြီးခဲ့တဲ့ပထမအကျော့ပွဲစဉ် ဝဲဒါဘရီမင်အသင်းရဲ့ အိမ်ကွင်းမှာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ထားတာကို တွေ့ရပါတယ်။ ဒေါ့မွန်အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရလဒ်ပိုင်းကျဆင်းနေသလို ပြိုင်ပွဲစုံနောက်ဆုံးလေးပွဲဆက်ရှုံးနိမ့်ထားပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ချန်ပီယံလိဂ်ပွဲစဉ်မှာ ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး ဘွန်ဒက်စ်လီဂါနောက်ဆုံးသုံးပွဲမှာလဲ လေဗာကူဆင်၊ ဟိုစတိန်းနဲ့ ဖရန့်ဖတ်အသင်းတို့ကို ရှုံးနိမ့်ထားပါတယ်။ ဒါကြောင့် ဒေါ့မွန်အသင်းဟာ လာမဲ့ဘောလုံးရာသီဥရောပပြိုင်ပွဲဝင်ခွင့်အတွက် ရုန်းကန်ကစားရအုံးမှာဖြစ်သလို ဘွန်ဒက်စ်လီဂါရှုံးပွဲကလဲ ခုနစ်ပွဲထိရှိထားတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရှာတွေ့နိုင်ဖို့ အကောင်းဆုံးပြင်ဆင် ကစားလာမှာဖြစ်ပါတယ်။

နည်းပြဝါနာရဲ့ ဝဲဒါဘရီမင်အသင်းကတော့ ပြီးခဲ့တဲ့ ဘွန်ဒက်စ်လီဂါအိမ်ကွင်းပွဲစဉ်မှာ လက်ရှိခြေစွမ်းပိုင်းရုန်းကန်နေရတဲ့ အော့ဘတ်စ်အသင်းကို နှစ်ဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့ပြီး လက်ရှိဘောလုံးရာသီမှာ သူတို့အသင်းရဲ့အိမ်ကွင်းလေးပွဲမြောက် ရှုံးပွဲဖြစ်ခဲ့ပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ နောက်ဆုံးလေးပွဲမှာ သုံးပွဲရှုံး၊ တစ်ပွဲသရေရရှိခဲ့ပြီး အဲဒီလေးပွဲမှာ ခံစစ်ပိုင်းက ၁၂ ဂိုးထိပေးထားရတာကို တွေ့ရပါတယ်။ မာကိုဂရူး၊ မာဘင်တို့လို ကစားသမားတွေ ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် အသင်းရဲ့ရလဒ်ပိုင်းတွေ တည်ငြိမ်မှုမရှိတာပဲဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာလဲ နိုင်ပွဲပြန်လည်ရရှိဖို့ ကြိုးစားလာမဲ့ ဒေါ့မွန်အသင်းကြောင့် သူတို့ အသင်းရလဒ်ကောင်းဖို့ ခက်ခဲအုံးမှာပါ။ ဒါ့ပြင် ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ဒေါ့မွန်အသင်းက သုံးပွဲအနိုင်ရရှိထားပြီး ဝဲဒါဘရီမင်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားတာကို တွေ့ရတာကြောင့် အခုပွဲစဉ်မှာလဲ အိမ်ကွင်းမှာ ဖိအားပေးကစားလာမဲ့ ဒေါ့မွန်အသင်းကို ရွေးချယ်ရမှာပါ။

**ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဝုဖ်ဘတ် | ၁ - ၃ | ဒေါ့မွန် |
| ဒေါ့မွန် | ၂ - ၃ | လေဗာကူဆင် |
| ဟိုစတိန်း | ၄ - ၂ | ဒေါ့မွန် |
| ဖရန့်ဖတ် | ၂ - ဝ | ဒေါ့မွန် |
| ဘိုလော့ဂ်နာ | ၂ - ၁ | ဒေါ့မွန် |

**ဝဲဒါဘရီမင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဝဲဒါဘရီမင် | ၄ - ၁ | ယူနီယံဘာလင် |
| ဝဲဒါဘရီမင် | ၂ - ၃ | တွမ်တီး |
| လိုက်ပ်ဇစ် | ၄ - ၂ | ဝဲဒါဘရီမင် |
| ဝဲဒါဘရီမင် | ၃ - ၃ | ဟိုက်ဒမ်ဟိန်း |
| ဝဲဒါဘရီမင် | ဝ - ၂ | အော့စ်ဘတ် |

### အာဆင်နယ်အသင်းပဲ ရလဒ်ကောင်းမှာပါ

ဒီတစ်ပတ်စနေနေ့ညရဲ့ပွဲစဉ်တွေထဲက နောက်ထပ်ရွေးချယ်ပေးချင်တဲ့ ပွဲစဉ်ကတော့ ဝုဖ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။သူတို့နှစ်သင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ် ၂၃ အဖြစ်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပထမအကျော့ပွဲစဉ်မှာ အာဆင်နယ်အသင်းက အိမ်ကွင်းမှာ နှစ်ဂိုး၊ ဂိုးမရှိဆိုတဲ့ရလဒ်နဲ့ အနိုင်ရယူထားပါတယ်။ လက်ရှိမှာ ဝုဖ်အသင်းအနေနဲ့ ရမှတ် ၁၆မှတ်နဲ့ အမှတ်ပေးဇယားတန်းဆင်းဇုန်က အသင်းနဲ့ ရမှတ်တူပြီး အဆင့်(၁၇)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ တန်းဆင်းဇုန်က အသင်းတွေဖြစ်တဲ့ အစ်ပ့်စ်ဝိချ်အသင်းနဲ့ ရမှတ်တူ၊ လက်စတာအသင်းနဲ့ နှစ်မှတ်သာကွာဟနေတာကို တွေ့ရပါတယ်။ ဒါ့ပြင် ဝုဖ်အသင်းဟာ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းကျဆင်းနေသလို ပရီးမီးယားလိဂ်နောက်ဆုံးလေးပွဲဆက်လည်း နိုင်ပွဲပျောက်ဆုံးထားပါတယ်။

နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းကတော့ ပရီးမီးယားလိဂ်အမှတ်ပေးဇယားအဆင့်(၁)နေရာက လီဗာပူးအသင်းနဲ့ ခြောက်မှတ်သာကွာဟနေသလို အဆင့်(၃)နေရာက နော်တင်ဟမ်အသင်းနဲ့ ရမှတ်တူညီနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းနိုင်ဖို့ လိုအပ်ပါတယ်။ သူတို့အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကတော့ ထက်မြက်နေပြီး ပြီးခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာ သရေကျခဲ့ပေမဲ့ ကြားရက် ချန်ပီယံလိဂ်ပွဲစဉ်မှာတော့ ဒိုင်နမိုဇာဂရက်အသင်းကို ဂိုးပြတ်ပြန်လည်အနိုင်ရရှိထားပါတယ်။ ဒါကြောင့် သူတို့အသင်းကစားသမားတွေအနေနဲ့ စိတ်ဓာတ်ပိုင်း ပြန်လည်တက်ကြွနေပြီး အခုပွဲစဉ်မှာလဲ ရလဒ်ကောင်းအောင် ဝုဖ်အသင်းကို အကောင်းဆုံးဖိအားပေးကစားလာပါလိမ့်မယ်။ ဒါ့ပြင် သူတို့နှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာလဲ အာဆင်နယ်အသင်းက ငါးကြိမ်စလုံးအနိုင်ရထားပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းအသာရနေတဲ့ အာဆင်နယ်အသင်း ရလဒ်ကောင်းသွားမှာပါ။

**ဝုဖ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| စပါး | ၂ - ၂ | ဝုဖ် |
| ဝုဖ် | ဝ - ၃ | နော်တင်ဟမ် |
| ဘရစ္စတိုး | ၁ - ၂ | ဝုဖ် |
| နယူးကာဆယ် | ၃ - ဝ | ဝုဖ် |
| ချဲလ်ဆီး | ၃ - ၁ | ဝုဖ် |

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| အာဆင်နယ် | ဝ - ၂ | နယူးကာဆယ် |
| အာဆင်နယ် | ၁ - ၁ | မန်ယူ |
| အာဆင်နယ် | ၂ - ၁ | စပါး |
| အာဆင်နယ် | ၂ - ၂ | အေဗီလာ |
| အာဆင်နယ် | ၃ - ဝ | ဒိုင်နမိုဇာဂရက် |

## မန္တလေးမြို့ မဟာမုနိဘုရားကြီး

## (၆၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်လှူဒါန်းပါမည်

၁၃၈၆-ခု၊ တပို့တွဲလဆန်း( ၁ )ရက်မှ ( ၉ )ရက်၊ ( ၂၉-၁-၂၀၂၅ မှ ၆-၂-၂၀၂၅ )ရက်အထိ သံဃာတော်( ၁၃၅ )ပါးတို့ဖြင့်

**( ၄၇ )ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဘာသ်ပူဇော်ပွဲ**

တပို့တွဲလဆန်း( ၁၀ )ရက်မှ ( ၁၂ )ရက်၊ ( ၇-၂-၂၀၂၅ မှ ၉-၂-၂၀၂၅ )ရက်အထိ

**( ပဌမ )အကြိမ် ဓမ္မသဘင်တရားပူဇော်ပွဲ**

တပို့တွဲလပြည့်နေ့၊ (၁၂-၂-၂၀၂၅)ရက်၊ နံနက်(၆)နာရီတွင် မြတ်စွာဘုရားအမှူးပြုသော သံဃာတော်အပါး(၁၅၀၀)တို့အား

**( ၆၆ )ကြိမ်မြောက် စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူပွဲ တို့ကို**

စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော် လှူဒါန်းသွားမည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် မဟာမုနိရင်ပြင်တော်ရှိ ပွဲတော်အလှူခံမဏ္ဍပ်တွင် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်ကာ လေးမြတ်စွာ နှိုးဆော်အပ်ပါသည်။

မဟာမုနိဂေါပကအဖွဲ့၊ မန္တလေးမြို့




## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၈၇)၊ ဦးပိုင်အမှတ် (၄၇)၊ (၄၈)၊ (၈၂) မြေနှင့် မြေပေါ်ရှိ သီရိဆတ်နာယာယနဟိန္ဒူဘုရားရှိခိုးကျောင်းပိုင် စီမံခန့်ခွဲအုပ်ချုပ်သူ ဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၈၇)၊ ဦးပိုင်အမှတ် (၄၇)၊ (၄၈)၊ (၈၂) မြေနှင့် ဘုရားရှိခိုးကျောင်းများအပါအဝင် အဆောက်အဦးတို့မှာ သီရိဆတ်နာယာယနဟိန္ဒူဘုရားရှိခိုးကျောင်းပိုင် ဥပစာများဖြစ်ပြီး၊ ဂေါပကအဖွဲ့မှ စီမံခန့်ခွဲတာဝန်ယူဆောင်ရွက်နေလျက်ရှိပါကြောင်း၊ အဆိုပါမြေနှင့် အဆောက်အဦးတချို့ ငှားရမ်းနေထိုင်သူများသည် ဂေါပကအဖွဲ့၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ အဆောက်အဦးများကို တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းဆောင်ရွက်ချက်တစ်စုံတစ်ရာကိုမျှ မပြုလုပ်ကြရန် အသိပေးတားမြစ်ကြေညာအပ်ပါသည်။

တားမြစ်သည့်ကြားမှ လိုက်နာဆောင်ရွက်ခြင်းမရှိခဲ့ပါလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**သီရိဆတ်နာယာယနဟိန္ဒူဘုရားရှိခိုးကျောင်း ဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးလှဘုန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း (LL.B) အထက်တန်းရှေ့နေ | ဦးပြည့်ကိုကို (LL.B) တရားလွှတ်တော်ရှေ့နေ | ဒေါ်မြင့်မြင့်အေး (LL.M) တရားလွှတ်တော်ရှေ့နေ | ဒေါ်ချောစု (LL.B) အထက်တန်းရှေ့နေ | ဒေါ်မန္တာမြင့် (LL.B) အထက်တန်းရှေ့နေ |
|---|---|---|---|---|

အမှတ်(အေ-၈)၊ ၆၇-လမ်း၊ ၃၁-အေ x ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

**ဖခင် အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ အထက(ခွဲ) ခွန်တောင်းကြီးကျောင်း၊ Grade-4(B)မှ မထွေးထွေးနိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းနိုင်ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်(၅/ခဥန(နိုင်)၀၇၄၆၂၆)**

**ဖခင် အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ အထက(ခွဲ) ခွန်တောင်းကြီးကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မစန်းဒါလီထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးမြင့်ဝင်းဖြစ်ပါကြောင်း။

**ဦးစိုးမြင့်ဝင်း(၅/ရဘန(နိုင်)၀၆၂၉၉၂)**

**ပျောက်ဆုံးကြောင်း**

တံတားဦးမြို့နယ်၊ အိမ်သစ်တန်းရပ်နေ မောင်အောင်ကိုမြတ် (ဘ) ဦးလှဖူး (၉/တတဥ(နိုင်)၁၃၃၉၂၄)၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ-149520)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၀၆၆၆၅၁၅

## "နိဗဒ္ဓ"ကုသိုလ်ပြုလိုသူများ လျှောက်ထားနိုင်ပါသည်

မန္တလေးမြို့၊ မဟာမုနိဘုရားကြီးအား နေ့စဉ် နံနက်အရုဏ်တက်ချိန် မျက်နှာသစ်တော်ရေ ကပ်လှူရာတွင် ရေတော်ဆရာတော်ကြီး၏ အထောက်အကူပြု "နိဗဒ္ဓ" ကုသိုလ်ပြုလျှောက်ထားလိုသူများသည်-

၁။ အသက် ၅၀ နှစ်မှ ၆၅ နှစ်အတွင်း ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၂။ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူနှင့်တကွ

မဟာမုနိဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း(၁၅-၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

## အများသိစေရန် ကြေညာခြင်း

ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာနေ ဒေါ်ပပမယ် (ဘ) ဦးအေးဝင်း(၉/ပသက(နိုင်)၁၃၆၉၉၁)ပိုင်ဆိုင်သော မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအတွင်းရှိ မြေကွက်ဧရိယာ(၆၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ်တိုက်၊ လျှပ်စစ်မီတာ၊ ပေါက်ရောက်သစ်ပင်၊ ဝန်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၅-၉-၂၀၂၄ ရက်နေ့တွင် ကျွန်မ ဒေါ်ကြည်ကြည်အေး (ဘ) ဦးလီစူကျင်း(၉/မမန(နိုင်)၀၀၀၁၉၂)မှ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပြီး ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်အေး**
**(၉/မမန(နိုင်)၀၀၀၁၉၂)**
**GardenCity အိမ်ယာ၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ အထက(ခွဲ) ခွန်တောင်းကြီးကျောင်း၊ Grade-4(B)မှ မောင်ခန့်ဇင်ထွန်း၊ Grade-2(B)မှ မောင်ကြယ်ဇင်ထွန်း (ခ) မောင်ကြယ်စင်ထွန်းတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်မင်းထွန်းဖြစ်ပါကြောင်း။

**ဦးကျော်မင်းထွန်း**
**(၅/ရဘန(နိုင်)၁၈၅၉၉၉)**

## မွေးသက္ကရာဇ်အမှန်

အမရပူရမြို့နယ်၊ ပန်းဘဲမြောက်ရပ်နေ ဦးဝင်းကိုကို၏သမီး မအိအိမိုး(၉/အမရ(နိုင်)၁၅၉၂၄၃)၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၁၁-၅-၂၀၀၃ ဖြစ်ပါကြောင်း။

**မအိအိမိုး(၁၁-၅-၂၀၀၃)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ အထက(ခွဲ) ခွန်တောင်းကြီးကျောင်း၊ Grade-4(B)မှ မောင်ရွှေမွန်အောင်၏ဖခင် ဦးသန်းထိုက်အောင် (ခ) ဦးသန်းထက်အောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းထိုက်အောင် (ခ) ဦးသန်းထက်အောင်**
**(၅/ရဘန(နိုင်)၂၂၆၇၇၀)**

**ဖခင် အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ အထက(ခွဲ) ခွန်တောင်းကြီးကျောင်း၊ Grade-5 မှ မကြိုးကြာဖြူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်မိုးဦးဖြစ်ပါကြောင်း။ **ဦးကျော်မိုးဦး(ရဘန(နိုင်)၂၇၄၉၄၅)**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေအပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်ဗိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်းကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ / သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ၊ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင် / သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

❖ "ပညာ"ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ရရှိစေ...

❖ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် "စစ်မှန်သည့်အင်အား"တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၈) သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများသို့ တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၅၈)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၃**

တပ်မတော်(ရေ) အရာရှိငယ် (စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၄)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၅၈)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး၊

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

